# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်၊ ကြာသပတေးနေ့။ Thursday, 27 March 2025 ၁၁၇၇၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ ဦးဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက နှစ်(၈၀)ပြည့် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများအား ဂါရဝပြုကန်တော့စဉ်။

# နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဦးဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ဂါရဝပြုကန်တော့

နေပြည်တော် မတ် ၂၆

မတ် ၂၇ ရက်တွင် ကျရောက်မည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ပါဝင်တက်ရောက်ကြမည့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားတပ်မတော်အရာရှိကြီးများအား တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ဂါရဝပြုကန်တော့သည့်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ခန်းမဆောင်၌ ကျင်းပပြုလုပ်သည်။

အဆိုပါ ဂါရဝပြုကန်တော့သည့် အခမ်းအနားသို့ အငြိမ်းစား တပ်မတော်အရာရှိကြီး ၁၅ ဦးနှင့် ဇနီးခြောက်ဦးတို့ ကန်တော့ခံ တက်ရောက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဦးဆောင်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ တက်ရောက်ဂါရဝပြုကန်တော့ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**

**လက်ရှိကာလမှာ ပြည်သူလူထုတွေ ကြုံနေရတဲ့ အခက်အခဲ အကျပ်အတည်းတွေကို ရေတိုမှာ ဖြေရှင်းနိုင်ပြီး ရေရှည်မှာ ငြိမ်းချမ်းတဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ထောင်နိုင်ဖို့အတွက် မျှော်လင့်ထားပါတယ်**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၉

**မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) ၏ Website လွှင့်တင်ထားရှိ**

စာမျက်နှာ » ၁၂

**အခြားနိုင်ငံများသို့ မြန်မာလုပ်သား စေလွှတ်နိုင်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်**

စာမျက်နှာ » ၁၈

ကြေးမုံ

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ကိုဂုဏ်ပြုပါ၏

ယနေ့သည် ၂၀၂၅ ခုနှစ် နှစ်(၈၀)ပြည့် တပ်မတော်နေ့ဖြစ်သည်။ မြန်မာ့တပ်မတော်ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဗိုလ်ချုပ်အောင်ဆန်း(ဗိုလ်တေဇ) အမှူးပြုသော ရဲဘော်သုံးကျိပ်ဝင်များနှင့် မျိုးချစ်မြန်မာလူငယ်များက မြန်မာ့လွတ်လပ်ရေးအတွက် သစ္စာရေသောက်၍ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) အဖြစ် ပထမဦးစွာအုတ်မြစ်ချခဲ့သည်။

ထိုအချိန်မှစတင်ရေတွက်ကြည့်လျှင် တပ်မတော်ဖွဲ့စည်းခဲ့သည်မှာ နှစ်ပေါင်း ၈၄ နှစ်ဖြစ်သော်လည်း ဖက်ဆစ်တော်လှန်ရေးအတွက် ရန်ကုန်မြို့ ဦးဝိစာရပန်းခြံ (ယခင်တော်လှန်ရေးပန်းခြံ)၌ ဗမာ့တပ်မတော်သားများ စစ်ရေးပြပြီး သတ်မှတ်နေရာအသီးသီးသို့စတင်ချီတက်ခဲ့သည့် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့ကို တပ်မတော်နေ့ဟုသတ်မှတ်ခဲ့ရာ ယနေ့ကာလ ၂၀၂၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် နှစ်(၈၀) ပြည့် တပ်မတော်နေ့ကာလသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။

ဤနေ့ဤရက်မှစတင်၍ မြန်မာအမျိုးသားတပ်မတော်ကြီးသည် မြန်မာတိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ပူးပေါင်းပါဝင်မှုဖြင့် နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်တော်လှန်ရေးတို့ကိုဆင်နွှဲ၍ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကို အရယူဆောင်ကြဉ်းပေးနိုင်ခဲ့သည့် အဓိကအင်အားစုကြီးဖြစ်သည်။ နယ်ချဲ့လက်အောက်တွင် ကျွန်ဘဝဖြင့် နှစ်ပေါင်းတစ်ရာကျော်နေခဲ့ရသည့်အဖြစ်မှ ပြည်သူအားလုံးမျှော်လင့်ခဲ့ကြသည့် လွတ်လပ်သောနိုင်ငံကို ရရှိခဲ့သော်လည်း လွတ်လပ်ရေးနှင့်အတူမွေးဖွားလာသည့် ပြည်တွင်းသောင်းကျန်းမှုအန္တရာယ်များကို ပြည်သူများ ယနေ့ထက်တိုင် ခံစားခဲ့ကြရသည်။

လွတ်လပ်ရေးနှင့်အတူ မွေးဖွားလာသော လက်နက်ကိုင် ရောင်စုံသောင်းကျန်းသူများကို တပ်မတော်သည် သမိုင်းကြောင်းတစ်လျှောက်၌ လေ့ခွက်ချည်းကျန် အလံမလှဲစတမ်း၊ ရင်ကို မြေကတုတ်လုပ်၍ တွန်းလှန်တိုက်ဖျက်ခဲ့ကြသည်။ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်စောင့်ရှောက်ခဲ့ကြသည်။ ထို့ပြင် မြန်မာ့မြေပေါ်သို့ ကျူးကျော်စော်ကားလာသည့် တရုတ်ဖြူကျူးကျော်သူများကို ဘုရင့်နောင်၊ ရန်ကြီးအောင်၊ မဲခေါင်စစ်ဆင်ရေးများဆင်နွှဲပြီး တွန်းလှန်ဖယ်ရှားခဲ့ရသည်။ ထိုစဉ်က တပ်မတော်၏အင်အားကို တစ်နိုင်ငံလုံးဖြန့်ကြက်ထားရသဖြင့် သောင်းကျန်းသူများသည် သာလွန်အင်အားများဖြင့် ထိုးနှက်တိုက်ခိုက်လာခဲ့သည်။

သို့သော် တပ်မတော်သည် ပြောင်မြောက်သောရဲစွမ်းသတ္တိများဖြင့် နိုင်ငံတော်နှင့် ပြည်သူကို ကာကွယ်စောင့်ရှောက်ခဲ့သည်။ တပ်မတော်သည် နိုင်ငံတော်တွင် အရေးပေါ်ပြီး တိုင်းပြည်လုံခြုံရေးကို ထိခိုက်တော့မည်ဆိုလျှင် ရှေ့တန်းမှ မားမားမတ်မတ်ရပ်တည်၍ တိုက်ပွဲဝင်ခဲ့ကြပြီး သောင်းကျန်းသူများကို တွန်းလှန်ဖယ်ရှားခဲ့သည်။ မြန်မာ့သမိုင်းကြောင်းကို ပြန်ကြည့်လျှင် မြန်မာနိုင်ငံသားအချင်းချင်း စည်းလုံးညီညွတ်မှုပြိုကွဲသည့်အခါတွင် ပွဲလန့်တုန်းဖျာခင်းလိုသူများ ပေါ်ပေါက်လာစမြဲဖြစ်သည်။

၁၉၆၂ ခုနှစ်တွင် တိုင်းရင်းသားအချို့သည် ဖက်ဒရယ်မူဟုဆိုကာ အကျပ်ကိုင်တောင်းဆိုခဲ့ကြသည်။၁၉၈၈ ခုနှစ်တွင် တိုင်းပြည်အဘက်ဘက်မှ ယိုယွင်းအားနည်းလာသည်ကိုအကြောင်းပြု၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့သည် ခါတော်မီဒီမိုကရေစီအရေးခြုံကာ နိုင်ငံတော်ကို နိုင်ငံရေး၊ စစ်ရေး နည်းလမ်းပေါင်းစုံဖြင့် ထိုးနှက်တိုက်ခိုက်ခဲ့ကြသည်။ ၂၀၂၁ ခုနှစ်တွင် နိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ်မှုကို အကြောင်းပြု၍ အမျိုးသားသစ္စာဖောက်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က နိုင်ငံတော်နှင့် တပ်မတော် ပြိုကွဲရေးကို အပြင်းအထန်လုပ်ဆောင်လာခဲ့သည်။ အင်အားနည်းပါးသော တပ်မတော်စခန်းများ၊ ရဲစခန်းများနှင့် မြို့ရွာအချို့ကို အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်ခဲ့ကြသည်။ ၎င်းတို့သည် ဒီမိုကရေစီရေး၊ တိုင်းရင်းသားရေး၊ လူ့အခွင့်အရေးဟု ဟန်ပြကြွေးကြော်ကြသော်လည်း လက်တွေ့တွင် ဝါဒစွဲ၊ လူမျိုးစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲတို့ပေါ်တွင် အခြေခံကြသည်။ စစ်ဘုရင်ဝါဒ၊ ပုဂ္ဂိုလ်ရေးမာန်မာနတို့အပေါ်တွင်အခြေခံပြီး မူလရည်မှန်းချက်ကို အကောင်အထည်ဖော်လာကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ထားသော တပ်မတော်သည် နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ခဲ့ရပြန်သည်။ နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေး၊ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးတို့အတွက် တပ်မတော်သည် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူပေါ်ပေါက်လာသော တပ်မတော်သည် ရှင်ကြီးဝမ်းလည်း ဝင်ခဲ့ဖူးသည်။ ရှင်ငယ်ဝမ်းလည်း ဝင်ခဲ့ဖူးသည်။ ခါးသီးသော နိုင်ငံရေးအတွေ့အကြုံများလည်း ရခဲ့ဖူးသည်။ တိုင်းပြည်နှင့် လူမျိုးကို နှောင့်ယှက်ဖျက်ဆီးခဲ့သည့် သောင်းကျန်းသူများကိုလည်း တွန်းလှန်တိုက်ထုတ်နိုင်ခဲ့သည်။ မည်သို့သော ခက်ခဲကြမ်းတမ်းဆင်းရဲပင်ပန်းမှုများနှင့်ကြုံရသော်လည်း နိုင်ငံနှင့်လူမျိုးအကျိုးကိုသာ ထာဝစဉ်ရှေးရှုဦးတည်လျက်ရှိသည့် တပ်မတော်ကို နှစ်(၈၀) ပြည့် တပ်မတော်နေ့တွင် အထူးပင်လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိက လုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေး ရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## အစိုးရဓမ္မာစရိယစာမေးပွဲ (ဒုတိယနေ့)ကျင်းပ

နေပြည်တော် မတ် ၂၆

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့ (ဒုတိယနေ့) နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတို့တွင် စာဖြေစာရင်းသွင်း ၁၄၁၃၄ ပါး/ဦး အနက် ၁၁၉၄၀ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၄ ဒသမ ၄၈ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ၂၆ - ၃ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၆၁၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၆ – ၃ – ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၂၀၀ | ၇,၂၀၀ | ၄၈ | ၃၄၅,၆၀၀ |
| MTSH | ၃,၁၀၀ | ၃,၁၀၀ | ၅၄ | ၁၆၇,၄၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၅၀ | ၃၈၅,၀၀၀ |
| FPB | ၁,၈၀၀ | ၁,၈၅၀ | ၈၃၀ | ၁,၄၉၄,၀၅၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၁၃၈ | ၃၉၃,၃၀၀ |
| EFR | ၁,၅၅၀ | ၁,၅၅၀ | ၂၇၈ | ၄၃၀,၉၀၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၀ | ၀ |
| MAEX | ၃,၂၀၀ | ၃,၂၀၀ | ၁,၀၅၄ | ၃,၃၇၂,၈၀၀ |
| MADPL(PLB) | ၃,၉၀၀ | ၃,၉၀၀ | ၇ | ၂၆,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

☆ ရှေ့ဖုံးမှ

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဂါရဝပြုစကားပြောကြားရာတွင် တပ်မတော်၏ အစဉ်အလာနှင့်အညီ မိမိတို့အနေဖြင့် တပ်မတော်၏တာဝန်များကို လက်ဆင့်ကမ်းတာဝန်ထမ်းဆောင်ခဲ့ကြသူများဖြစ်ပြီး ယခုအခမ်းအနားသို့ တက်ရောက် လာကြသည့် တပ်မတော်အငြိမ်းစား အရာရှိကြီးများသည် မိမိတို့၏မိဘ ဆရာများပင်ဖြစ်ပါကြောင်း၊ လွတ်လပ်ရေးရရှိပြီးသည့်အချိန်မှ စတင်၍ တပ်မတော်သည် တိုင်းပြည်အတွက်ဖြစ်ရမည်ဆိုသည့် စိတ်ဖြင့်အစဉ်အလာများကိုဆက်လက်ထိန်းသိမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်သည်နိုင်ငံ၏ အစိတ်အပိုင်းတစ်ခု ဖြစ်သကဲ့သို့ တပ်မတော်သားများသည် ပြည်သူလူထု၏ အစိတ်အပိုင်းများဖြစ်သဖြင့် ပြည်သူလူထု၏အကျိုး၊ နိုင်ငံတော်၏အကျိုးကို တာဝန်ယူဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ အဆိုပါ အရင်းခံသည့်စိတ်ကို ယခင်အစဉ်အဆက် တပ်မတော်တာဝန် ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်အငြိမ်းစားအရာရှိကြီးများက မွေးမြူ၍ လက်ဆင့်ကမ်းပေးခဲ့ကြခြင်းဖြစ်ကြောင်း၊ **“ရှင်ကြီးဝမ်းလည်းဝင်ခဲ့ဖူးပြီ၊ ရှင်ငယ်ဝမ်းလည်းဝင်ခဲ့ဖူးပြီ” ဟူသည့် ဆိုစကားအတိုင်း တပ်မတော်သည် ခေတ်အဆက်ဆက်တွင် ခေတ်စနစ်အမျိုးမျိုးကို တွေ့ကြုံခဲ့ရပြီးဖြစ်ပြီး တိုင်းပြည်ကို ဖြိုခွဲဖျက်ဆီးသော ပြည်တွင်း၊ ပြည်ပရန်စွယ် အန္တရာယ်အမျိုးမျိုးကို အကြိမ်ကြိမ် တွန်းလှန်ဖယ်ရှားခဲ့ပြီးဖြစ်သကဲ့သို့ ပြည်ပကျူးကျော်မှုကို ကာကွယ်ရေး၊ ပြည်တွင်းဆူပူသောင်းကျန်းမှုကို တားဆီးရေးတို့ သာမက အမျိုး၊ ဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှုတို့ မပျောက်ပျက်ရေးတို့ကိုပါ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးလျက် ရှိသည့် တပ်မတော်ဖြစ်ကြောင်း**၊ တွေ့ကြုံခဲ့ရသည့် အတွေ့အကြုံများကို သင်ခန်းစာယူ၍ ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အကောင်းဆုံး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံတော် တာဝန်များကို ထမ်းဆောင်နေရခြင်းဖြစ်ပြီး ယခုနှစ်ကုန်ကာလတွင် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ တစ်ရပ်ကို ကျင်းပပြုလုပ်၍ အနိုင်ရရှိသည့် ပါတီအား နိုင်ငံတော်၏ တာဝန်များကို စနစ်တကျပြန်လည် လွှဲပြောင်းပေးသွားမည် ဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ ပြည်ထောင်စုကြီး မပြိုကွဲရေးအတွက် **စာမျက်နှာ ၄ သို့** ☆



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အငြိမ်းစား တပ်မတော်အရာရှိကြီးထံ ဂါရဝပြုလက်ဆောင်ပစ္စည်းများ ရိုသေစွာ ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အငြိမ်းစား တပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

✰ စာမျက်နှာ ၃ မှ

ဥပဒေနှင့်အညီသာ ထိန်းထိန်းသိမ်းသိမ်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့်နိုင်ငံသားတို့၏အကျိုးကို တစိုက်မတ်မတ် ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ ပြည်သူကအားကိုးရသည့် တပ်မတော်၊ တိုင်းပြည်က အားထားရသည့် တပ်မတော်ဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ကျေးဇူးတင်**

**ဝမ်းမြောက်ဂုဏ်ယူ**

အငြိမ်းစားတပ်မတော်အရာရှိကြီးများအနေဖြင့် တပ်မတော်နေ့ကျရောက်သည့် အခါသမယများ၌ ယခုကဲ့သို့ကန်တော့ခံအခမ်းအနားများသို့ တက်ရောက်ချီးမြှင့်ပေးသည့်အတွက်လည်း ကျေးဇူးတင်ဝမ်းမြောက် ဂုဏ်ယူပါကြောင်း၊ **ဗုဒ္ဓဘာသာအစဉ်အလာနှင့်အညီ ယခုကဲ့သို့ အထက်အောက်ရိုသေလေးစားမှုဖြင့် ကျေးဇူးတရားကို သိရှိစွာဂါရဝပြု ကန်တော့ခြင်းသည် မိမိတို့တပ်မတော်၏ ကောင်းမြတ်သည့် အစဉ်အလာကောင်းတစ်ခုပင်ဖြစ်ပါကြောင်း**၊ အငြိမ်းစား တပ်မတော်အရာရှိကြီးများ၏ လမ်းညွှန်သြဝါဒများကိုလည်း ခံယူလိုပါကြောင်း ပြောကြားသည်။



ကန်တော့ခံ အငြိမ်းစားတပ်မတော်အရာရှိကြီးများကိုယ်စား ဗိုလ်ချုပ်ကြီး သိန်းစိန်က ဆုမွန်ကောင်းတောင်းစကားနှင့် သြဝါဒစကားများ ပြောကြားစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ တက်ရောက်လာကြသည့် တပ်မတော် အရာရှိကြီးများနှင့် ဇနီးများက တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား အငြိမ်းစားတပ်မတော်အရာရှိကြီးများအား မြန်မာ့ရိုးရာ ထုံးတမ်းအစဉ်အလာနှင့်အညီ ရိုသေစွာဖြင့် ဂါရဝပြုကန်တော့ကြသည်။

ထို့နောက် ကန်တော့ခံ အငြိမ်းစားတပ်မတော်အရာရှိကြီးများကိုယ်စား ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးတို့က ယခုကဲ့သို့ နှစ်စဉ်နှစ်တိုင်း မိမိတို့ကဲ့သို့ တပ်မတော်အငြိမ်းစား အရာရှိကြီးများနှင့် ဇနီးများအား ဂါရဝပြု ကန်တော့ခြင်းသည် တပ်မတော်၏ ကောင်းမြတ်သည့် ဂုဏ်ယူဖွယ် အစဉ်အလာကောင်းတစ်ခုဖြစ်ကြောင်း၊ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဦးဆောင်မှုဖြင့် တပ်မတော်၏ အရေးကိစ္စရပ်များအပြင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ရေးအတွက် နေ့မနားညမအား ဆောင်ရွက်နေမှုကို အသိအမှတ်ပြုဂုဏ်ယူ အားပေးလျက်ရှိနေ**ကြောင်း၊ တပ်မတော်သားများအနေဖြင့်လည်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို နေ့မနား ညမအား တာဝန် ထမ်းဆောင်နေကြကြောင်း၊ **တပ်မတော်သည် ခေတ်အဆက်ဆက်တွင် တိုင်းရင်းသားအားလုံး ပေါင်းစုနေထိုင်သည့် ပြည်ထောင်စုကြီး မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ပြည်တွင်းပြည်ပ အန္တရာယ် ရန်စွယ်ဟူသမျှကို တွန်းလှန်ကာကွယ်ခဲ့သည့် အစဉ်အလာကောင်းများ ရှိသော တပ်မတော်ဖြစ်**ကြောင်း၊ **တပ်မတော်အင်အားရှိမှ တိုင်းပြည် အင်အားရှိမည် ဖြစ်သဖြင့် တပ်မတော်၏ ကောင်းမြတ်သည့် သမိုင်းကြောင်း အစဉ်အလာကောင်းများကို ဆက်လက် ထိန်းသိမ်းကာ စွမ်းရည်စွမ်းအားမြှင့်တင်ရေးကို ဆတက်ထမ်းပိုး ဆောင်ရွက်သွားကြရမည် ဖြစ်**ကြောင်း၊ တိုင်းပြည်ကို တည်ဆောက်ရာတွင် တပ်မတော် အင်အားရှိရန် အဓိကအရေးကြီးကြောင်း၊ အခက်အခဲအကျပ်အတည်းများ ရင်ဆိုင်ကြုံတွေ့ရချိန်တွင်လည်း အောင်မြင်စွာကျော်ဖြတ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးအမှူးပြုသည့် တပ်မတော်သားများနှင့် မိသားစုဝင်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းနှင့် အခြားသြဝါဒစကားများကို ပြောကြားကြသည်။

**ဂါရဝပြုပေးအပ်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများထံ ဂါရဝပြုလက်ဆောင် ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျ ရိုသေစွာဂါရဝပြုပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများသည် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများနှင့် အတူ အမှတ်တရစုပေါင်းဓာတ်ပုံ ရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနား တက်ရောက်လာကြသည့် အငြိမ်းစား တပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**ရိုသေစွာ ဂါရဝပြုပေးအပ်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အငြိမ်းစားတပ်မတော်အရာရှိကြီးထံ ဂါရဝပြုလက်ဆောင်ပစ္စည်းများ ရိုသေစွာ ဂါရဝပြုပေးအပ်စဉ်။

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့ဆေးရုံများနှင့် နယ်မြေခံဆေးတပ်ရင်းတို့၌ စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် မတ် ၂၆**

မတ် ၂၇ ရက်တွင်ကျရောက်မည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီး၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ရှိ ပြည်သူ့ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတို့၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)မှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက စုပေါင်းသွေးလှူဒါန်းကြသည်။

ဦးစွာ ကျန်းမာရေးဝန်ထမ်းများက သွေးအလှူရှင်များအား သွေးအမျိုးအစားခွဲခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးကြသည်။ ထို့နောက် သွေးအလှူရှင်များက သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ သွေးလှူဒါန်းနေမှုများကို ပြည်နယ်ဝန်ကြီးချုပ်၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး သွေးအလှူရှင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးတို့ သွေးအလှူရှင်များအား ကြည့်ရှုအားပေးစဉ်။

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နှစ် (၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား သွားရောက်တွေ့ဆုံ ဂါရဝပြုနှုတ်ဆက်

**နေပြည်တော် မတ် ၂၆**

၂၀၂၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင်ကျရောက်သည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား တက်ရောက်ရန် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ခေတ္တတည်းခိုနေထိုင်လျက်ရှိသည့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့်ဇနီးများအား ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှတို့က သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်သည်။

**ဂါရဝပြုနှုတ်ဆက်**

ထိုသို့တွေ့ဆုံဂါရဝပြုနှုတ်ဆက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် အငြိမ်းစားတပ်မတော် အရာရှိကြီးများနှင့် ဇနီးများအား တစ်ဦးချင်းလိုက်လံ ဂါရဝပြုနှုတ်ဆက်ခဲ့ပြီး ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ လိုအပ်ချက်များကို ရင်းနှီးနွေးထွေးစွာမေးမြန်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**ဩဝါဒစကားများ ပြန်လည်ပြောကြား**

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး စွမ်းရည်စွမ်းပကားမြင့်မားစေရေးအတွက် မြှင့်တင် ဆောင်ရွက်လျက်ရှိမှု၊ ယခုကဲ့သို့ တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးသည့်အတွက် ကျေးဇူးတင်ရှိမှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်လျက်ရှိမှု၊ တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးအတွက် ပညာရေးကို အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိမှု၊ ကျောင်းပညာရေးအပြင်ကျောင်းပြင်ပပညာရေးနှင့် စာကြည့်တိုက်လုပ်ငန်းများကိုလည်း အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ရာ အငြိမ်းစားတပ်မတော် အရာရှိကြီးများက ယခုကဲ့သို့ တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ရသည့် အတွက် ဂုဏ်ယူဝမ်းမြောက်ရမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အနေဖြင့် နိုင်ငံ့တာဝန်များကို ဘက်ပေါင်းစုံမှ လစ်ဟင်းမှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်နေမှုများကို အားပေးအသိအမှတ်ပြုလျက်ရှိမှု၊ နိုင်ငံတော်အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးနိုင်စေရေး၊ တည်ငြိမ်အေးချမ်းပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဆုမွန်ကောင်း တောင်းလျက်ရှိမှုနှင့် အခြားဩဝါဒ စကားများကို ပြန်လည် ပြောကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**













နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နှစ် (၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့်ဇနီးများအား တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။

# နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂၆

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် ၂၀၂၅ ခုနှစ် နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန်ဥပစာရင်ပြင်၌ ကျင်းပပြုလုပ်သည်။

အကြိုဂုဏ်ပြုညစာစားပွဲ စတင်ကျင်းပချိန်တွင် နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အထိမ်းအမှတ်အဖြစ် တပ်မတော်နေ့စစ်ရေးပြကွင်းနှင့် ဘုရင့်နောင်ရိပ်သာတို့မှ မီးရှူးမီးပန်းများ ပစ်ဖောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်အကြို ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin နှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် နှစ် (၈၀) ပြည့်တပ်မတော်နေ့ အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin နှင့်အဖွဲ့ဝင်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရဲဘော်သုံးကျိပ်ဝင် မိသားစုဝင်များ၊ အငြိမ်းစား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ မိသားစုဝင်များ၊ အငြိမ်းစား တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများ၊ လွတ်လပ်ရေးမော်ကွန်းဝင် ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့် မော်ကွန်းဝင်ပုဂ္ဂိုလ်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သားအငြိမ်းစားသံအမတ်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အောင်ဆန်းသူရိယဘွဲ့ရရှိခဲ့သူများ၏ မိသားစုဝင်များနှင့် ဆွေမျိုးများ၊ **စာမျက်နှာ ၇ သို့** ✳



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်အကြို ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။







နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်အကြို ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ရုရှားတပ်မတော်သံစုံတီးဝိုင်းအဖွဲ့မှ အနုပညာရှင်များက ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့ဝင်စစ်သည်၊ စစ်သမီးများ၏ “ပန်းသုံးပွင့်၏ အဘိဓမ္မာ” ပြဇာတ်တင်ဆက်ဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။

* စာမျက်နှာ ၆ မှ

သီဟသူရဘွဲ့၊ သူရဘွဲ့နှင့် တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်ရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဆွေမျိုးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အသွင်ပြောင်း ပြည်သူ့စစ်၊ မူလပြည်သူ့စစ်နှင့် နယ်ခြားစောင့် ဗဟိုအကြံပေးကွပ်ကဲရေးအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့တို့မှပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဝိုင်အမ်ဘီအေ အသင်းကြီး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းနှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး အသင်းဗဟိုတို့မှ တာဝန်ရှိသူများ၊ တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ သတင်းမီဒီယာကောင်စီ၊ ရုပ်ရှင် သဘင် ဂီတ အစည်းအရုံးနှင့် သေနင်္ဂဗျူဟာ လေ့လာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**မျိုးချစ်စိတ်ရှင်သန်ထက်မြက်စေမည့် ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေ**

နှစ်(၈၀)ပြည့်တပ်မတော်နေ့ အကြိုဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အနုပညာရှင်များ၊ ရုရှားတပ်မတော်သံစုံတီးဝိုင်းအဖွဲ့မှ အနုပညာရှင်များက မျိုးချစ်စိတ်ရှင်သန်ထက်မြက်စေမည့် ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

အကြိုဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကာ အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများ ပစ်ဖောက်မှုကို ကြည့်ရှုအားပေးကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် စစ်သည်၊ စစ်သမီးများအား အမှတ်တရဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ဇေယျာသီရိဗိမာန်သဘင်ဆောင်အတွင်း၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့ဝင် စစ်သည်၊ စစ်သမီးများ၏ **“ပန်းသုံးပွင့်၏ အဘိဓမ္မာ”** ပြဇာတ်တင်ဆက်ဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။ **စာမျက်နှာ ၈ သို့ ***





နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသည့် အထိမ်းအမှတ်အဖြစ် တပ်မတော်နေ့စစ်ရေးပြကွင်းနှင့် ဘုရင့်နောင်ရိပ်သာတို့မှ မီးရှူးမီးပန်းများ ပစ်ဖောက်စဉ်။



နှစ် (၈၀) ပြည့် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပစဉ်။

✱ စာမျက်နှာ ၇ မှ

ဖျော်ဖြေတင်ဆက်မှု အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က စစ်သည်၊ စစ်သမီးများအား အမှတ်တရ ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ခဲ့ကြပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ဝင်း အဝင်လမ်းမကြီး တစ်လျှောက်တွင် တပ်မတော်ရေယာဉ်၊ ရဟတ်ယာဉ်များ၊ သံချပ်ကာယာဉ်များ၏ ပုံသဏ္ဌာန်များ၊ ပထမ၊ ဒုတိယနှင့် တတိယမြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့ကြသော မင်းသုံးပါးရုပ်တုများကို မီးအလှအပများဖြင့် လှပစွာဂုဏ်ပြုပုံဖော် ထွန်းညှိထားရှိကြောင်းနှင့် တပ်မတော်နေ့ အကြိုဂုဏ်ပြု ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက စိတ်ချမ်းမြေ့ကြည်နူးစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နှစ် (၈၀) ပြည့် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်

နေပြည်တော် မတ် ၂၆

နှစ် (၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြု ဇာတ်လမ်းဖြစ်သည့် "သစ္စာမျိုးဆက်" ဇာတ်လမ်းတွင် ပါဝင် သရုပ်ဆောင်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီ သီချင်း၊ စစ်သည် တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင် ရိပ်သာ ဧည့်ခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ဂုဏ်ပြုအမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း ရေးစပ်သူ အကယ်ဒမီ ဂီတမှူး ဦးဝင်းကိုနှင့် ဗညားရဲရင့်တို့အား ဂုဏ်ပြုချီးမြှင့်ငွေနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးအပ်သည်။

ယင်းနောက် စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး စိုးမင်းဦးက "သစ္စာမျိုးဆက်" ဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် သရုပ်ဆောင်များ ဖြစ်ကြသည့် အကယ်ဒမီ ခန့်စည်သူ၊ အကယ်ဒမီ မေသဉ္ဇာဦး၊ ကျော်ဇောဟိန်း၊ အောင်ပိုင်၊ ခိုင်သဇင်ငုဝါ၊ လင်းလက်ခွန်းချို၊ ပိုင်စစ်မှူး၊ ရှင်ရဲထွဋ်၊ ကြယ်စင်လင်းထူး၊ ဇာတ်ညွှန်းအကြံပေး လှိုင်းသစ်၊ လက်ထောက် ဒါရိုက်တာ သက်သဇင်ထွဋ်၊ ဇာတ်လမ်း/ဇာတ်ညွှန်း၊ ဒါရိုက်တာ အကယ်ဒမီ တင်အောင်စိုး (ပန်းမြို့တော်)တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြု မှတ်တမ်းလွှာများကို လည်းကောင်း။

တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး ထိန်ဝင်းက နှစ်(၈၀) ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူပြိုင်ပွဲတွင် စစ်ချီသီချင်းနှင့် စစ်သည်တေးသီချင်းဆု ရရှိကြသည့် ဂုဏ်ပြု စစ်ချီသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသူ မြင့်မိုရ်ဦး၊ ဒုတိယဆုရရှိသူ အောင်ဇော်ဦး(ရဲတီးဝိုင်း)၊ တတိယဆုရရှိသူ လှိုင်ဝင်းထွန်း၊ စတုတ္ထဆုရရှိသူ ဒုအရာခံဗိုလ် သက်ဝင်းလှိုင်၊ ပဉ္စမဆုရရှိသူ ခင်ဇော်(မြဝတီ)၊ စစ်သည်တေးသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသူ ထားရ၊ ဒုတိယဆုရရှိသူ မအိ(ပဲခူး)၊ တတိယဆုရရှိသူ ရွှေသင်းသူ (သဇင်)၊ စတုတ္ထဆုရရှိသူ ကေသီ၊ ကဗျာဝါသနာရှင်အဆင့် ပြိုင်ပွဲတွင် ပထမဆုရရှိသူ ကောင်းခြိမ့်ကျော်၊ ဒုတိယဆုရရှိသူ မနေသစ် (ပခုက္ကူ)၊ တတိယဆုရရှိသူ အောင်နိုင်သူ(ဖွဲ့ကပင်)၊ စတုတ္ထဆုရရှိသူ ခိုင်မြတ်မော် (မြဝတီ)၊ ပဉ္စမဆုရရှိသူ ညဏ်လင်း (တပ်ကုန်း)၊ အထူးဆု (၁) ရရှိသူ သက်နှင်းညို၊ အထူးဆု (၂) ရရှိသူ ရဲမွန်ကျော်၊ အထူးဆု(၃) ရရှိသူ ရွှေလေးခင်တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြု မှတ်တမ်းလွှာများကို လည်းကောင်း။

တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းက နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူပြိုင်ပွဲတွင် ကဗျာအလွတ်တန်း အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသူ မြတ်ထွဏ်းနောင်၊ ဒုတိယဆုရရှိသူ ဘုန်းမောင်ဝင်း(ဖျာပုံ)၊ တတိယဆုရရှိသူ ဘုန်းရဲနိုင် (ဂန့်ဂေါ)၊ စတုတ္ထဆုရရှိသူ ရေနံ့သာ မောင်ကျော်ညွှန့်၊ ပဉ္စမဆုရရှိသူ မနောဖြူ၊ အထူးဆု (၁) ရရှိသူ မောင်မင်းသိမ်း(သရက်)၊ အထူးဆု(၂) ရရှိသူ မျိုးစစ်သည်၊ အထူးဆု(၃) ရရှိသူ ညောင်ရွှေ-ခင်မောင်မြ၊ ဝတ္ထုတိုဝါသနာရှင်အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသူ အမောင်၊ ဒုတိယဆုရရှိသူ မုန်းမောင်မောင်၊ တတိယဆုရရှိသူ ယု (သဇင် FM)၊ စတုတ္ထဆုရရှိသူ မနောဖြူ၊ ပဉ္စမဆုရရှိသူ ရဲမွန်ကျော်၊ အထူးဆု(၁)ရရှိသူ ငြိမ်းချမ်းဖြူ၊ အထူးဆု(၂)ရရှိသူ ထက်ပိုင်ဦး (သစ္စာမြေ)၊ အထူးဆု(၃) ရရှိသူ စစ်ငြိမ်းပန်းတို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြု မှတ်တမ်းလွှာများကို လည်းကောင်း။

## ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်

စာမူပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဇော်မင်းထွန်းက ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူပြိုင်ပွဲတွင် ဆုရရှိသူများဖြစ်ကြသည့် ဂုဏ်ပြု ဝတ္ထုတိုအလွတ်တန်းပြိုင်ပွဲတွင် ဒုတိယဆုရရှိသူ မောင်မောင်လွင် (ရွှေဘိုသား)၊ တတိယဆုရရှိသူ ကျော်တေဇ (ဥက္ကလာ)၊ စတုတ္ထဆုရရှိသူ ထက်ဝေအောင်(စစ်ကိုင်း)၊ ပဉ္စမဆုရရှိသူ မောင်စူးရှ (အနောက်ရိုးမ)၊ အထူးဆု(၁) ရရှိသူ မင်းလပြည့်(ဟားခါး)၊ အထူးဆု(၂) ရရှိသူ သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်)၊ အထူးဆု(၃) ရရှိသူ စေတမန်၊ ဝတ္ထုရှည်ဝါသနာရှင်အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသူ မြခြူးအိမ်၊ ဒုတိယဆုရရှိသူ ဘုန်းရဲနိုင်(ဂန့်ဂေါ)၊ တတိယဆုရရှိသူ လူမောင်(ဝိရောဓိ)၊ စတုတ္ထဆုရရှိသူ တင်ဦး(ရန်ကင်း)၊ ပဉ္စမဆုရရှိသူ သျှင်ငြိမ်းစံ၊ အထူးဆု(၁) ရရှိသူ မောင်စိုးထွန်း၊ အထူးဆု(၂) ရရှိသူ အောင်မင်းကျော်(ပညာ)၊ အထူးဆု(၃) ရရှိသူ ခင်မျိုးမျိုးချစ် (ချင်းတောင်)၊ ဝတ္ထုရှည်အလွတ်တန်းအဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသူ တက္ကသိုလ်မြမဥ္ဇူ၊ ဒုတိယဆုရရှိသူ စိုးနွေ၊ တတိယဆုရရှိသူ ရဲမင်းစိုး၊ စတုတ္ထဆုရရှိသူ ညိမ်းညို၊ ပဉ္စမဆုရရှိသူ နေဇင် (ပေါက်ခေါင်း)၊ အထူးဆု(၁) ရရှိသူ နီသင်အောင်ကျော်မိုး၊ အထူးဆု(၂) ရရှိသူ ခန့်ပိုင်၊ အထူးဆု(၃) ရရှိသူ အမေ့သား (နတ်မောက်)တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း အသီးသီးပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက တက်ရောက် လာကြသူများအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး အဖွဲ့ဝင်များနှင့်အတူ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# "တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသော နိုင်ငံတော်သစ်ဆီသို့" ဆောင်ပုဒ်ဖြင့် ငြိမ်းချမ်းရေးစကားဝိုင်း – Peace Talk 2025 တတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၂၆

"တွေ့ဆုံ ဆွေးနွေးမှုများမှ ငြိမ်းချမ်းသော နိုင်ငံတော်သစ်ဆီသို့" ဆောင်ပုဒ်ဖြင့် ငြိမ်းချမ်းရေး စကားဝိုင်း – Peace Talk 2025 တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ဆက်လက်ကျင်းပသည်။




ငြိမ်းချမ်းရေး စကားဝိုင်းသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ တပ်မတော်အငြိမ်းစားအရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC) ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ မီဒီယာများ၊ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အသင်းအဖွဲ့ ကိုယ်စားလှယ်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

စကားဝိုင်းဆွေးနွေးပွဲ ပထမပိုင်း "နိုင်ငံရေးနှင့် လုံခြုံရေးကဏ္ဍ"တွင် သဘာပတိအဖြစ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဆောင်ရွက်ပြီး "ရွေးကောက်ပွဲ၊ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး" ခေါင်းစဉ်ဖြင့် ဒေါက်တာအောင်မြတ်ဦးနှင့် ဒေါက်တာအေးမောင်တို့ကဦးဆောင်ဆွေးနွေးရာ တက်ရောက်လာကြသူများက အမြင်သဘောထားများ ဆွေးနွေးခြင်း၊ မေးခွန်းမေးမြန်းခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ "စီးပွားရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ" တွင် သဘာပတိအဖြစ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီအဖွဲ့ဝင် ဒုတိယ ဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်(ငြိမ်း)က ဆောင်ရွက်ပြီး "ရွေးကောက်ပွဲ၊ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး" ခေါင်းစဉ်ဖြင့် ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး(ငြိမ်း)နှင့် ဦးကိုကိုကြီးတို့က ဦးဆောင်ဆွေးနွေးရာ တက်ရောက်လာကြသူများက အမြင်သဘောထားများ ဆွေးနွေးခြင်း၊ မေးခွန်းမေးမြန်းခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးခြင်း၊ စကားဝိုင်းအလိုက် ရရှိလာသည့် သဘောထားများကို တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက အကြံပြုခြင်း၊ ဆွေးနွေးမေးမြန်းခြင်းနှင့် မေးမြန်းချက်များအပေါ် Speaker က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် ပိတ်ပွဲအခမ်းအနားကို ကျင်းပရာ နိုင်ငံရေးနှင့် လုံခြုံရေးကဏ္ဍဆိုင်ရာ ဆွေးနွေးချက်အကြောင်းအရာများအပေါ် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(အငြိမ်းစား) က ပြန်လည်သုံးသပ်ဆွေးနွေးသည်။ ယင်းနောက် စီးပွားရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍဆိုင်ရာ ဆွေးနွေးချက်အကြောင်းအရာများအပေါ် စီးပွားရေးသုတေသီ ဒေါက်တာဇော်ဦးက ပြန်လည်သုံးသပ်ဆွေးနွေးသည်။

ဆက်လက်၍ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က နိုင်ငံရေးနှင့်လုံခြုံရေးကဏ္ဍနှင့် စပ်လျဉ်း၍ သုံးရက်တာ ဆွေးနွေးပွဲရလဒ်များကိုလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်(ငြိမ်း)က စီးပွားရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ သုံးရက်တာ ဆွေးနွေးပွဲရလဒ်များကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး မှတ်တမ်းတင်သည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲ အဖွဲ့(၁)ကိုယ်စား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(ကရင်ပြည်နယ်) ဒုတိယဥက္ကဋ္ဌ(၂) နန်းစေအွာနှင့် အဖွဲ့(၂) ကိုယ်စား ကရင် အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်–ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA–PC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာ နော်ကပေါ်ထူးတို့က ကျေးဇူးတင်စကားများ ပြောကြားသည်။

ယင်းနောက်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် သုံးရက်တာ ငြိမ်းချမ်းရေးစကားဝိုင်းမှရရှိခဲ့သည့် သုံးသပ်ဖော်ထုတ်ချက်များနှင့် အကြံပြုချက်များသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်အတွက် အတိုင်းအတာတစ်ခုအထိ အထောက်အပံ့ ဖြစ်စေမည်ဟု ယုံကြည်ကြောင်း၊ ရရှိခဲ့သည့် သုံးသပ်ဖော်ထုတ်ချက်များနှင့် အကြံပြုချက်များအား လက်တွေ့ ပြန်လည်အသုံးချနိုင်ရန် ဆက်လက်ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် NSPNC အနေဖြင့် ငြိမ်းချမ်းရေးစကားဝိုင်းများအား အခါအားလျော်စွာ ကျင်းပ နိုင်ရေး ကြိုးစားဆောင်ရွက်မည် ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## လက်ရှိကာလမှာ ပြည်သူလူထုတွေ့ကြုံနေရတဲ့ အခက်အခဲအကျပ်အတည်းတွေကို ရေတိုမှာ ဖြေရှင်းနိုင်ပြီး ရေရှည်မှာ ငြိမ်းချမ်းတဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ထောင်နိုင်ဖို့အတွက် မျှော်လင့်ထားပါတယ်

ဒေါက်တာ ညိုညိုသင်း

**"တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသော နိုင်ငံတော်သစ်ဆီသို့" ငြိမ်းချမ်းရေးစကားဝိုင်းဆွေးနွေးပွဲကို မတ် ၂၄ ရက်မှစတင်၍ နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ သုံးရက်တာကျင်းပခဲ့ရာ ယနေ့စကားဝိုင်းဆွေးနွေးပွဲ တတိယနေ့တွင် ပါဝင်တက်ရောက်ဆွေးနွေးကြသူများ၏ စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်–**

**ဒေါက်တာ ညိုညိုသင်း**
**ပါဝင်သင့်ပါဝင်ထိုက်သူများ အစုအဖွဲ့**

ဒီဆွေးနွေးပွဲမှာ (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး၊ ပြောင်းလဲရေးအတွက် ပြည်သူလူထုကိုယ်စား ပြင်သင့်ပြင်ထိုက်တာတွေကို လာရောက်တင်ပြဆွေးနွေးခဲ့ပါတယ်။ ပြည်သူလူထုရဲ့ သဘောထားတွေကို တရားဝင်တင်ပြခွင့်ရတဲ့ စကားဝိုင်းတစ်ခုဖြစ်ပါတယ်။ မြန်မာပြည်သူလူထုနဲ့ တိုင်းပြည်ရဲ့ နောင်ရေးအတွက် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရတဲ့ပွဲလည်း ဖြစ်ပါတယ်။

လာမယ့် ဆွေးနွေးပွဲတွေမှာ ဒီထက်ပိုပြီး နိုင်ငံရေးအင်အားစုတွေပါဝင်လာဖို့ မျှော်လင့်ပါတယ်။ ဆွေးနွေးပွဲမှာ တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုတွေတိုးလာပြီး၊ ယုံကြည်မှုတွေ တည်ဆောက်လာနိုင်ပြီး၊ ဆွေးနွေးပွဲမှာ မပါသေးတဲ့ အင်အားစုတွေကိုလည်း ဖိတ်ခေါ်ပြီး တိုင်းပြည်နောင်ရေးအတွက် ဆွေးနွေးကြဖို့၊ တိုင်ပင်ကြဖို့နဲ့ ညှိနှိုင်းကြဖို့ ဒီဆွေးနွေးပွဲဟာ အစအဦးတစ်ခု ဖြစ်တယ်လို့ ယုံကြည်ပါတယ်။

အခုလက်ရှိ အခြေအနေမှာ ပြည်သူလူထုရင်ဆိုင်နေရတဲ့ အခက်အခဲတွေ အကျပ်အတည်းတွေ၊ ဒီအခြေအနေတွေကို ပြန်ပြီးတော့ ကောင်းမွန်လာဖို့အတွက် နိုင်ငံရေးသမားတွေ၊ နိုင်ငံရေးပါတီတွေ၊ ပညာရှင်တွေ အဖြေရှာကြဖို့လိုပါတယ်။ ဆွေးနွေးကြရမယ်၊ တိုင်ပင်ကြရမယ်၊ ညှိနှိုင်းကြရမှာဖြစ်ပါတယ်။ လက်ရှိကာလမှာ ပြည်သူလူထုတွေ့ကြုံနေရတဲ့ အခက်အခဲအကျပ်အတည်းတွေကို ရေတိုမှာ ဖြေရှင်းနိုင်ပြီး ရေရှည်မှာ ငြိမ်းချမ်းတဲ့ ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော်ကြီးကို တည်ထောင်နိုင်ဖို့ အတွက် မျှော်လင့်ထားပါတယ်။

**ဒေါက်တာအေးမောင်**
**ဥက္ကဋ္ဌ၊ ရခိုင်ဦးဆောင်ပါတီ**

ဒီနေ့ ဆွေးနွေးပွဲမှာ လက်ရှိနိုင်ငံရေးအခြေအနေ၊ တည်ငြိမ်အေးချမ်းဖို့နဲ့ ရွေးကောက်ပွဲအလွန် နိုင်ငံရေး အခြေအနေအပေါ်မှာ သုံးသပ်တင်ပြဆွေးနွေးခဲ့ပါတယ်။ ငြိမ်းချမ်းရေးက မြန်မာနိုင်ငံအတွက် လိုအပ်ချက်တစ်ခုဖြစ်တယ်။ ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ စကားဝိုင်းဆွေးနွေးပြောကြားတဲ့အချိန်ကလည်း ၂၀၂၅ နှစ်ဦးပိုင်းလို့ပြောလို့ရတယ်။ နှစ်ကုန်ပိုင်းမှာလည်း ရွေးကောက်ပွဲလုပ်မယ်။ အကြမ်းမဖက်တဲ့ နိုင်ငံရေးနည်းနဲ့ ဆွေးနွေးကြမယ်၊ လူထုပါဝင်တဲ့ ငြိမ်းချမ်းမှုဖြစ်စဉ်တစ်ခု၊ လူထုတောင်းဆိုတဲ့ ငြိမ်းချမ်းမှုဖြစ်စဉ်တစ်ခု ဖြစ်မှပဲ လက်နက်ကိုင်ပဋိပက္ခတွေရပ်နိုင်မှာ ဖြစ်ပါတယ်။

ရွေးကောက်ပွဲ အောင်မြင်ဖို့အတွက် တည်ငြိမ်အေးချမ်းမှုရှိဖို့လိုတယ်။ ရွေးကောက်ပွဲမတိုင်ခင် လုံခြုံမှုရှိဖို့၊ မဲပေးနိုင်ဖို့အတွက် ငြိမ်းချမ်းရေးစကားဝိုင်း – Peace Talk တွေနဲ့ စတာဖြစ်တယ်။ ပညာရပ်ပိုင်းဆိုင်ရာနဲ့ ပတ်သက်တာတွေ ကဏ္ဍအသီးသီးက ပါဝင်တဲ့ ပုဂ္ဂိုလ်တွေ စကားဝိုင်းမှာ တွေ့ဆုံဆွေးနွေးကြတယ်ဆိုကတည်းက လူအများ စိတ်ဝင်စားမှု ဖြစ်သွားတယ်။



ဒေါက်တာ ညိုညိုသင်း


ဒေါက်တာ အေးမောင်

NSPNC အနေနဲ့ ဒီထက်ကြီးကြီးမားမား အားလုံးပါဝင်တဲ့ တွေ့ဆုံဆွေးနွေးပွဲကြီး တစ်ခုကို လုပ်သွားရမှာဖြစ်ပါတယ်။ ဒီဆွေးနွေးပွဲတွေက ထွက်လာတဲ့ Outcomes တွေကို အကြီးအကဲဘက်က သဘောတူရင် ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးမှု အောင်မြင်သွားမှာ ဖြစ်တယ်။ ပြေးလမ်းက အခုစပြီး လာမယ့် ရွေးကောက်ပွဲမတိုင်မီ မြန်မာနိုင်ငံ ဒီထက်ပိုပြီး တည်ငြိမ်အေးချမ်းအောင် လုပ်ရမယ်။ ငြိမ်းချမ်းရေးစကားဝိုင်းတွေလည်း ပိုမိုကျယ်ပြန့်လာမှာဖြစ်ပါတယ်။

**စာမျက်နှာ ၁၀ သို့ ❍**

# နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Lieutenant General Viktar Gennadyevich Khrenin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့များ မြန်မာနိုင်ငံသို့ရောက်ရှိ



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တပ်မတော်အရာရှိကြီးများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။



ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Lieutenant General Viktar Gennadyevich Khrenin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

**နေပြည်တော် မတ် ၂၆**

မတ် ၂၇ ရက်တွင် ကျရောက်သည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နေ့လယ်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ ရောက်ရှိကြသည်။

အဆိုပါ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တပ်မတော်အရာရှိကြီးများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အလားတူ ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Lieutenant General Viktar Gennadyevich Khrenin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ရန် ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

❍ စာမျက်နှာ ၉ မှ

**နိုင်အောင်မငေး**
**ဗဟိုအလုပ်အမှုဆောင်၊**
**မွန်ပြည်သစ်ပါတီ**

NCA ရေးထိုးထားတဲ့ မွန်ပြည်သစ်ပါတီအနေနဲ့ တက်ရောက်တာဖြစ်ပါတယ်။ စကားဝိုင်းဆွေးနွေးပွဲ သုံးရက်တာ ဆွေးနွေးချက်တွေကို ပြန်ပြီးတော့ သုံးသပ်မယ်ဆိုရင် ငြိမ်းချမ်းရေးအတွက် အများကြီး အထောက်အကူဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ရှေ့ဆက်ပြီး ငြိမ်းချမ်းရေးအတွက်၊ ရေရှည်ငြိမ်းချမ်းရေး တည်တံ့ဖို့အတွက် အထောက်အကူအများကြီးဖြစ်ပါတယ်။ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးရေးတွေက တစ်ခုနဲ့တစ်ခု ဆက်စပ်နေတယ်။ ဒါကြောင့်မို့ သုံးရက်တာ ဆွေးနွေးပွဲ တက်ရောက်ရတဲ့အပေါ်မှာ ကျွန်တော်တို့အတွက် အများကြီး အထောက်အကူ ဖြစ်ပါတယ်။ ဆွေးနွေးပွဲက သိရှိရတဲ့ အချက်အလက်တွေကို ပြည်သူတွေ၊ ကျွန်တော်တို့ရဲ့ပါတီတွေကို ပြန်ပြီးတော့ ဝေမျှပေးသွားမယ်ဆိုရင် ပိုပြီးအကျိုးရှိမယ်လို့ ထင်ပါတယ်။



နိုင်အောင်မငေး

**စောစိန်ဝင်း**
**ဒီမိုကရေစီအကျိုးပြု**
**ကရင်တပ်မတော် (DKBA)**

အခုဖြစ်ပေါ်လာတဲ့ ငြိမ်းချမ်းရေးစကားဝိုင်းဆွေးနွေးပွဲ အခင်းအကျင်းမှာ အမြင်သဘောထားတွေကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးခွင့်ရခဲ့ပါတယ်။ ဒီဆွေးနွေးပွဲ အခင်းအကျင်းကနေ တစ်ဆင့် တာဝန်ရှိလူကြီးတွေက ရှေ့ဆက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်မယ်။ အခုလို စကားဝိုင်းတွေ များများလုပ်နိုင်လေ ပိုကောင်းလေလို့ မြင်ပါတယ်။



စောစိန်ဝင်း

စကားဝိုင်းဆွေးနွေးပွဲမှာ အဓိကတော့ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးအတွက် အဓိကယုံကြည်မှု တည်ဆောက်ရင်းနဲ့ အားလုံးပါဝင်တဲ့ အခင်းအကျင်းတစ်ခုကို သွားသင့်တယ်လို့ ပါဝင်ဆွေးနွေးခဲ့ပါတယ်။ အားလုံးရဲ့ အမြင်သဘောထားတွေ စုစည်းနိုင်တဲ့ ဆွေးနွေးပွဲ အခင်းအကျင်းတွေကို များများလုပ်ပေးနိုင်လေ ရလဒ်တွေနဲ့ အမြင်သဘောထားတွေကို စုစည်းနိုင်လေဖြစ်မယ်လို့ ထင်ပါတယ်။

**နန်းစေအွာ**
**JMC ကိုယ်စားလှယ်**

ဒီစကားဝိုင်းဆွေးနွေးပွဲ Peace Talk က ပထမဦးဆုံးဖြစ်တယ်။ ပြည်သူလူထု အလွှာပေါင်းစုံကို ချပြနိုင်ဖို့အတွက် ဆက်ပြီးတော့ ဆွေးနွေးပွဲတွေ လုပ်သွားဖို့လိုပါတယ်။ တက်ရောက်လာသူတွေက ပြန်လည်ပြီးတော့ မျှဝေမယ်ဆိုရင် တဖြည်းဖြည်းနဲ့ သိလာကြပြီးတော့ လက်ခံလာမယ်ထင်ပါတယ်။

ကျွန်မတို့ တိုင်းရင်းသား ဒေသတွေမှာ ပဋိပက္ခတွေဖြစ်တော့ လုံခြုံမှုက ပိုပြီးတော့ အရေးကြီးပါတယ်။ လုံခြုံမှုမရှိတဲ့ ဒေသတွေမှာ ပြည်သူတွေ ဒုက္ခရောက်ကြရတယ်။ တိုင်းပြည်အေးအေးချမ်းချမ်း ပြန်နေနိုင်ဖို့က အစိုးရမှာ တာဝန်ရှိသလို အခြားအဖွဲ့အစည်းအသီးသီးနဲ့ ပြည်သူတွေမှာလည်း တာဝန်ရှိတယ်။ စကားဝိုင်းတွေ့ဆုံ ဆွေးနွေးပွဲမှာ ကဏ္ဍစုံကလူတွေပါတယ်။ အထူးသဖြင့် အမျိုးသမီးတွေ၊ လူငယ်တွေနဲ့ မီဒီယာတွေပါ ဆွေးနွေးပွဲမှာ ပါဝင်လာတယ်။ အခုလိုစကားဝိုင်းတွေကို သုံးလတစ်ခါ ဒါမှမဟုတ် ခြောက်လတစ်ခါ ပြုလုပ်တဲ့အခါမှာ အလွှာပေါင်းစုံကလည်း ပါလာစေချင်တယ်။ အားလုံးပါဝင်မှ ပဋိပက္ခတွေကို ဖြေလျှော့နိုင်မယ်။ ဖြေလျှော့နိုင်မှ ငြိမ်းချမ်းရေး ရလာမယ်။ ငြိမ်းချမ်းရေးရမှ တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။




နန်းစေအွာ



ဦးစိုင်းအိုက်ပေါင်း

**ဦးစိုင်းအိုက်ပေါင်း**
**ဥက္ကဋ္ဌ၊ ရှမ်းတိုင်းရင်းသားများ**
**ဒီမိုကရက်တစ်ပါတီ**

နိုင်ငံတော် အကြီးအကဲက ၂၀၂၅ ဒီဇင်ဘာမှာ ရွေးကောက်ပွဲ ပြုလုပ်သွားမယ်လို့ ပြောကြားထားတယ်။ တိုင်းပြည်က ဒီမိုကရေစီကို သွားမယ်ဆိုရင် ရွေးကောက်ပွဲက မဖြစ်မနေ လုပ်ဆောင်ရမှာဖြစ်ပါတယ်။ လုံခြုံရေးက ရွေးကောက်ပွဲအတွက် အင်မတန်အရေးကြီးတယ်။ ပြည်သူလူထု မဲလာပေးတဲ့အခါမှာ စိုးရိမ်မှုမရှိဖို့လိုပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲမတိုင်မီ တိုင်းရင်းသားလက်နက်ကိုင်တွေအားလုံးကို ဖိတ်ခေါ်ပြီး အားလုံးပါဝင်တဲ့ အစုအဖွဲ့တွေနဲ့ တွေ့ဆုံပြီး ညီလာခံကြီးကို ကျင်းပသွားမယ်ဆိုရင် နိုင်ငံအတွက် အများကြီး ကောင်းမွန်လာနိုင်ပါတယ်။ အချင်းချင်း ပဋိပက္ခတွေ ဖြစ်နေမယ့်အစား ကျွန်တော်တို့တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ညှိနှိုင်းဆွေးနွေးသွားရင် အောင်မြင်သွားမှာ ဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း - သန်းကျော်အောင်**
**ဓာတ်ပုံ - ဂျိုင်းလော**

---

❖ အာရှဖလားမှ

ထိုင်း၊ မြန်မာ၊ ဥဇဘက်ကစ္စတန်၊ Pot-2 တွင် အိန္ဒိယ၊ ဟောင်ကောင်၊ ဘာရိန်း၊ ဂူအမ်၊ နီပေါ၊ မလေးရှား၊ ဂျော်ဒန်၊ အင်ဒိုနီးရှား၊ Pot-3 တွင် လာအို၊ ယူအေအီး၊ မွန်ဂိုလီးယား၊ လက်ဘနွန်၊ ဘင်္ဂလားဒေ့ရှ်၊ ကာဂျစ္စတန်၊ ပါလက်စတိုင်း၊ ကမ္ဘောဒီးယား၊ Pot-4 တွင် တာဂျစ်ကစ္စတန်၊ စင်ကာပူ၊ တာ့ခ်မင်နစ္စတန်၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ တီမော၊ မော်လ်ဒိုက်၊ ဆော်ဒီအာရေဗျ၊ Pot-5 တွင် ဘူတန်နှင့် အီရတ်တို့ ပါဝင်နေသည်။

**တိုက်ရိုက်ကစားခွင့်ရမည်**

ခြေစစ်ပွဲ အုပ်စုပွဲများကို ဇွန် ၂၃ ရက်မှ ဇူလိုင် ၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ၂၀၂၆ အာရှဖလားအမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်ကို ၂၀၂၆ ခုနှစ် မတ် ၁ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်သြစတြေးလျအသင်းအပါအဝင် နောက်ဆုံးကျင်းပသည့် ၂၀၂၂ ပြိုင်ပွဲ လက်ရှိချန်ပီယံ တရုတ်၊ ဒုတိယဆုရ တောင်ကိုရီးယားအသင်းနှင့် တတိယဆုရ ဂျပန်အသင်းတို့မှာ ခြေစစ်ပွဲကန်စရာမလိုဘဲ တိုက်ရိုက်ကစားခွင့်ရမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဇနီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ (၅၄)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲ တက်ရောက်




ရန်ကုန် မတ် ၂၆

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ (၅၄)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့ အထိမ်းအမှတ် ညှော်ခံပွဲကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဇနီးတို့ တက်ရောက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး Dr.Md.Monwar Hossainနှင့် ဇနီး၊ တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သီချင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

**ညစာစားပွဲဖြင့်တည်ခင်းညှော်ခံ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ သံအမတ်ကြီးနှင့်ဇနီးတို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ (၅၄)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ် ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ သံအမတ်ကြီးနှင့်ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါညှော်ခံပွဲသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့်ဇနီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ရွှေထွန်းနှင့် ဇနီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်၊ ရန်ကုန်မြို့ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့်ဇနီး၊ နိုင်ငံခြားသံရုံးများမှသံအမတ်ကြီးများ၊ သံရုံးယာယီ တာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရှိ သင်တန်းဆင်းပွဲများ တက်ရောက်



ရန်ကုန် မတ် ၂၆

အုပ်ချုပ်မှုစွမ်းရည် မြင့်မားရေးသင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၇ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိင်္ခခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**ချီးမြှင့်**

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား အမျိုးသားရေးအမြင်ရရှိရေးနှင့် စိတ်ဓာတ်ကြံ့ခိုင်မှုရှိစေရေးတို့အတွက် လေ့ကျင့်ပျိုးထောင်ပေးရန်နှင့် သက်ဆိုင်ရာ ပညာရပ်များကို အခြေခံအားဖြင့် နားလည်သဘောပေါက်ပြီး စည်းကမ်းနှင့်ကိုယ်ကျင့်သိက္ခာကို စောင့်သိထိန်းသိမ်းတတ်သော ဝန်ထမ်းကောင်းများဖြစ်လာစေရန် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန်(၆)ချက်ကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အပေါ်သစ္စာရှိ၍ တိုင်းပြည်အတွက် ဂုဏ်ယူအားထားရသော ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများအားဆုများချီးမြှင့်ကာ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၃ ရက်မှ မတ် ၂၆ ရက်အထိ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသား ၆၆ ဦး၊ သင်တန်းသူ ၂၄ ဦး တက်ရောက်ကြသည်။

ထို့အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ကေတုမတီခန်းမ၌ ကျင်းပသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း အမှတ်စဉ် (၁၁) နှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၆) သင်တန်းဆင်းပွဲသို့ တက်ရောက်သည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများနှင့် အဆင့်မြင့်အရာထမ်းများအနေဖြင့် နိုင်ငံတော်၏ ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ အတွေးသစ်၊ အမြင်သစ်များနှင့် ပေါင်းစပ်ပြီး အမျိုးသားအကျိုးစီးပွားအတွက် လိုက်ပါပြောင်းလဲဆောင်ရွက်ကြရန်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးဖြစ်စဉ်များကို စဉ်ဆက်မပြတ် လေ့လာကြပြီး ဝန်ထမ်းများ၏ စံပြပုဂ္ဂိုလ်အဖြစ် ပြုမူနေထိုင်ကြရန်၊ ပေးအပ်ထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ချမှတ်ထားသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျမြန်ဆန်စွာ ဝန်ဆောင်မှုပေးကြရန်လိုကြောင်း၊ မိမိလက်အောက်မှ အရာထမ်း၊ အမှုထမ်းများ၏ အလုပ်နှင့်ဘဝဟန်ချက်ညီအောင် ဖန်တီးနိုင်ပြီး အကြီးအမှူးကောင်း စိတ်ဓာတ်၊ မိဘစိတ်ဓာတ်ဖြင့် ဦးဆောင်လမ်းပြရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားပြီး သင်တန်းဆင်းအောင်လက်မှတ်များ ချီးမြှင့်ပေးအပ်သည်။

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်းအမှတ်စဉ်(၁၁) သို့ သင်တန်းသား ၁၆ ဦး သင်တန်းသူ လေးဦး စုစုပေါင်း ၂၀ နှင့် အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၂၆) သို့ သင်တန်းသား ၁၈ ဦး၊ သင်တန်းသူ ၂၄ ဦး စုစုပေါင်း ၄၂ ဦး တက်ရောက်ကြပြီး သင်တန်းကို ဇန်နဝါရီ ၂၇ ရက်မှ မတ် ၂၆ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးနည်းပညာတက္ကသိုလ်နှင့် ဟိုချီမင်းနည်းပညာတက္ကသိုလ်တို့အကြား အာဆီယံသုတေသန ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ



နေပြည်တော် မတ် ၂၆

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ မန္တလေးနည်းပညာတက္ကသိုလ်က အာဆီယံ - အိန္ဒိယပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေ (ASEAN-India Fund) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော မန္တလေးနည်းပညာတက္ကသိုလ်နှင့် ဟိုချီမင်းမြို့ နည်းပညာတက္ကသိုလ်တို့အကြား သိပ္ပံနှင့်နည်းပညာသုတေသန ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက Hybrid စနစ်ဖြင့် ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့သည်။

ဦးစွာ ဒုတိယဝန်ကြီးဒေါက်တာအောင်ဇေယျက ထိုစီမံကိန်းမှတစ်ဆင့် မြန်မာနှင့် ဗီယက်နမ်နှစ်နိုင်ငံလုံးမှနည်းပညာတက္ကသိုလ်များသည် နိုင်ငံတကာ ထိတွေ့ဆက်ဆံမှုကို တိုးမြှင့်ရန်၊ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများအကြား ကွာဟချက်များ လျှော့ချရန်နှင့် အဓိပ္ပာယ်ပြည့်ဝသော မိတ်ဖက် တည်ဆောက်မှုများကို ကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

ယခင် ရလဒ်နှစ်ခုနည်းတူ ဤဆွေးနွေးပွဲမှတစ်ဆင့် သုတေသန ပူးပေါင်းဆောင်ရွက်မှုနှင့် အသိပညာမျှဝေမှုကို မြှင့်တင်ရန်ဟူသည့် စီမံကိန်း တတိယရလဒ်ကို အကောင်အထည်ဖော်ရန်အတွက် အရေးကြီးသော ခြေလှမ်းတစ်ရပ်ကို ဖော်ဆောင်နိုင်ခြင်းဖြစ်ကြောင်း၊ ဆွေးနွေးညှိနှိုင်းမှုများမှတစ်ဆင့် Joint Peer Review Committee ကို တည်ထောင်အကောင်အထည်ဖော်နိုင်ရန် အထောက်အပံ့ကောင်းများ ရရှိနိုင်သည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ သုတေသန အတွေ့အကြုံကောင်းများကို မျှဝေခြင်းအပြင် ယဉ်ကျေးမှုဓလေ့ထုံးတမ်း များကိုလည်း ဖလှယ်နိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ရှိသူများက သုတေသန ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲ ရလဒ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တော် နည်းပညာတက္ကသိုလ်မှ ကိုယ်စားလှယ်များက သက်ဆိုင်ရာဌာနအလိုက် လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ဆောင်ရွက်လျက်ရှိသည့် သုတေသနများနှင့် ပူးပေါင်း ဆောင်ရွက်လိုသည်များကို ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဥပဒေအသိပညာပြန့်ပွားရေး ဆွေးနွေးပွဲကျင်းပ



**နေပြည်တော် မတ် ၂၆**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ဥပဒေအသိပညာပြန့်ပွားရေး ဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်း ၁၅၀ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဥပဒေကို နိုင်ငံသားတိုင်း သိရှိလိုက်နာရန်လိုအပ်ပြီး ဝန်ထမ်းများသည်လည်း မိမိတို့ဌာန၏ ဥပဒေ၊ နည်းဥပဒေနှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများကို နားလည်တတ်ကျွမ်းလေးစားလိုက်နာရန် လိုအပ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ကျင့်သုံးလျက်ရှိသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို သိရှိလိုက်နာကျင့်သုံးဆောင်ရွက်နိုင်စေရေး ယခုဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက စာချုပ်စာတမ်းများ စိစစ်ခြင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းပဒေများ၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေများ၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများ၊ ရုပ်ရှင်ဥပဒေ၊ နည်းဥပဒေများ၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေများ၊ စာကြည့်တိုက်၊ ပြတိုက်နှင့် ပြပွဲများ ကြီးကြပ်အုပ်ချုပ်ရေးဥပဒေနှင့် နည်းဥပဒေများနှင့်စပ်လျဉ်း၍ ဆွေးနွေးရှင်းလင်းကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

**သတင်းစဉ်**

# မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) ၏ Website လွှင့်တင်ထားရှိ

**နေပြည်တော် မတ် ၂၆**

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်တွင်း၊ ဒေသတွင်းနှင့် ကမ္ဘာ့အဆင့်ကိစ္စရပ်များတွင် မြန်မာနိုင်ငံ၏ အမြင်များကို ထုတ်ဖော်ပြသနိုင်ရန်အတွက် အထောက်အထား အခြေခံသုတေသနများနှင့် ပြည်တွင်းက ဦးဆောင်သော အသိပညာ ဖလှယ်မှုများကို စုစည်းဆောင်ရွက်ရန် အတွက်လည်းကောင်း၊ ပြည်တွင်းနှင့် နိုင်ငံတကာမှ ပါဝင်ပတ်သက်သူများအကြား ဆွေးနွေးမှုနှင့် ဖလှယ်မှုများကိုမြှင့်တင်၍ မြန်မာနိုင်ငံဆိုင်ရာ ကိစ္စရပ်များတွင် ကွဲပြားသော အမြင်များနှင့် သဘောထားများကို အသိအမှတ်ပြုသည့် ပြဿနာဖြေရှင်းရေးချဉ်းကပ်မှုကို အားပေးရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှုများတွင် အနှစ်သာရရှိသော ပံ့ပိုးမှုများ ပေးစွမ်းလာစေရန် အတွေးအခေါ်ပညာရှင်များ၊ လက်တွေ့လုပ်ဆောင်နေသူများနှင့် မူဝါဒချမှတ်သူများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ပြုမှုများ အားကောင်းလာစေရေး ဆောင်ရွက်ရန်အတွက် လည်းကောင်း "မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank)" ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၄ရက်တွင်ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။




အဆိုပါအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် အသိပေးဖော်ပြချက်များကို လေ့လာသိရှိနိုင်ရန်အတွက် Website ကို www.myanmarnarrative.org ဖြင့် မတ် ၁၀ ရက်တွင် စတင်လွှင့်တင်ထားရှိသည်။

အဆိုပါ Website တွင် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ထူးခြားပြောင်းလဲမှုများ၊ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ စိတ်နေသဘောထားများ၊ ရိုးရာယဉ်ကျေးမှုနှင့် တန်ဖိုးထားမှုများ၊ ဘာသာအယူဝါဒ ဓလေ့ထုံးတမ်းများ၊ ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားပြောင်းလဲမှုများတွင် ပါဝင်ဆောင်ရွက်မှုများ၊ ဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံများနှင့် မိတ်ဝတ်မပျက် အတူတကွ ယှဉ်တွဲနေထိုင်မှုများ၊ မြန်မာနိုင်ငံအပေါ် မဟုတ်မမှန် စွပ်စွဲပုတ်ခတ်ရေးသားပြောဆိုမှုများအပေါ် တန်ပြန်ချေဖျက်ပြောကြားမှုများ၊ မြန်မာ့ရေးရာ၊ တိုင်းရင်းသားရေးရာကိစ္စရပ်များ အစရှိသည့် မြန်မာနိုင်ငံ၏ ပုံရိပ်ကောင်းမွန်စေရန် ဖော်ညွှန်းရေးသားမှုများကို ဖော်ပြထားမည်ဖြစ်သည်။

မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) နှင့် ပတ်သက်၍ အကြံပြုချက်များ ပေးပို့လိုလျှင်ဖြစ်စေ၊ Myanmar Narrative Website တွင် စာမူများရေးသားပေးပို့လိုလျှင်ဖြစ်စေ myanmarnarrative@gmail.com သို့ အင်္ဂလိပ်ဘာသာဖြင့် ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရေကြည်မြို့နယ် အကယ်ကြီးကြို့ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းသစ်ဖွင့်ပွဲကျင်းပ

**ရေကြည် မတ် ၂၆**

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၀၈ ဒသမ ၄၃၂ သန်းဖြင့် Royal New Way Co.,Ltd. က တာဝန်ယူဆောင်ရွက်ခဲ့သည့် အကယ်ကြီးကြို့ကုန်းကျေးရွာ ကုန်ထုတ်လမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက အဆိုပါကုန်ထုတ်လမ်းထိပ်၌ ကျင်းပသည်။

အဆိုပါလမ်းသစ်ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းချစ်အေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူးရဲသီဟထွန်း၊ အဖွဲ့ဝင် (၂) ဦးလှရှိန်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်စိုးနှင့် ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကုန်ထုတ်လမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ အကယ်ကြီးကြို့ကုန်းကျေးရွာ ကုန်ထုတ်လမ်းသည် ကျေးရွာသုံးရွာအတွက် အကျိုးပြုနိုင်သော ကုန်ထုတ်လမ်းဖြစ်ပြီး အရှည် ၁ မိုင် ၆.၀၉ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မရှိ မြေရောကျောက်လမ်းဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# သူနာပြုတက္ကသိုလ် (ရန်ကုန်) ၏ ဘွဲ့နှင်းသဘင်အခမ်းအနားများ ကျင်းပ



**ရန်ကုန် မတ် ၂၆**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သူနာပြုတက္ကသိုလ်(ရန်ကုန်)၏ (၂၇) ကြိမ်မြောက်နှင့် (၂၈) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင်လည်းကောင်း၊ (၂၉) ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို မွန်းလွဲ ၁ နာရီတွင်လည်းကောင်း ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ သူနာပြုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာတင်တင်ကျော်နှင့် ပညာရေးအဖွဲ့ဝင်များ၊ စီမံခန့်ခွဲရေးအဖွဲ့ဝင်များက ဘွဲ့နှင်းသဘင်စင်မြင့်တွင် နေရာယူကြပြီး ဘွဲ့ရကျောင်းသားကျောင်းသူများက အဓိဋ္ဌာန်ပြု ကတိသစ္စာရွတ်ဆိုကြသည်။

ထို့နောက် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာတင်တင်ကျော်က ကျောင်းသား ကျောင်းသူများအား ဘွဲ့များအပ်နှင်းပြီး ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယနေ့ နံနက်ပိုင်းတွင်ကျင်းပသည့် သူနာပြုတက္ကသိုလ်(ရန်ကုန်)၏ (၂၇)ကြိမ်မြောက်နှင့် (၂၈) ကြိမ်မြောက် ဘွဲ့နှင်းသဘင်၌ သူနာပြုပါရဂူသင်တန်းအောင်မြင်သူ တစ်ဦး၊ သူနာပြုမဟာသိပ္ပံသင်တန်းအောင်မြင်သူ ၅၅ ဦး၊ အရေးပေါ်သူနာပြုစုမှုပညာဒီပလိုမာအောင်မြင်သူ ခြောက်ဦး၊ သူနာပြုသိပ္ပံ (ပေါင်းကူး) (On-Campus)သင်တန်း အောင်မြင်သူ ၁၉၄ ဦး၊ သူနာပြုသိပ္ပံ(ပေါင်းကူး)(အဝေးသင်)သင်တန်းအောင်မြင်သူ ၁၇၃ ဦး၊ သူနာပြုသိပ္ပံ (ပုံမှန်) သင်တန်းအောင်မြင်သူ ၅၇ ဦးနှင့် အထူးပြုသူနာပြုဒီပလိုမာသင်တန်း အောင်မြင်သူ ၇၆ ဦးတို့ကို ဘွဲ့များအပ်နှင်းခဲ့သည်။

မွန်းလွဲပိုင်းတွင် ကျင်းပသည့် (၂၉) ကြိမ်မြောက် ဘွဲ့နှင်းသဘင်၌လည်း သူနာပြုပါရဂူသင်တန်းအောင်မြင်သူ နှစ်ဦး၊ သူနာပြုမဟာသိပ္ပံသင်တန်းအောင်မြင်သူ ၁၆ ဦး၊ သူနာပြုသိပ္ပံ (ပုံမှန်) သင်တန်းအောင်မြင်သူ ၈၀ နှင့် အထူးပြုသူနာပြုဒီပလိုမာသင်တန်းအောင်မြင်သူ ၅၇ ဦးတို့ကို ဘွဲ့များအပ်နှင်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် အစိုးရဓမ္မာစရိယစာမေးပွဲဖြေဆိုလျက်ရှိသော သံဃာတော်များနှင့် သီလရှင်များအား သွားရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် မတ် ၂၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ အောင်ဆန်းခန်းမ၌ အစိုးရဓမ္မာစရိယစာမေးပွဲ ဖြေဆိုလျက်ရှိသော သံဃာတော်များနှင့် သီလရှင်များအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းစာဖြေဌာနရှိ ဓမ္မာစရိယကြီးကြပ်ရေး ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို၍ကာ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် အစိုးရဓမ္မာစရိယ ဖြေဆိုကြသော သံဃာတော်များနှင့် သီလရှင်များအား လှည့်လည်ဖူးမြော်ကြည်ညိုသည်။

ယနေ့ကျင်းပသော အစိုးရဓမ္မာစရိယစာမေးပွဲကို တပ်ကုန်းမြို့နယ် စာဖြေဌာန၌ သံဃာ ၁၂၂ ပါး၊ သီလရှင် ၂၅ ပါး စုစုပေါင်း ၁၄၇ ပါး စာရင်းသွင်း၍ စာဖြေသံဃာ ၉၇ ပါး၊ သီလရှင် ၁၆ ပါး စုစုပေါင်း ၁၁၃ ပါး ဝင်ရောက်ဖြေဆိုကြပြီး ယနေ့ ဓမ္မာစရိယစာမေးပွဲ ပါရာဇိကဏ်(ဒုတိယနေ့) ဖြေဆိုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဓမ္မာစရိယကြီးကြပ်ရေး ဆရာတော်ကြီးများ၊ စာဖြေသံဃာတော်များနှင့် စာဖြေသီလရှင်များအား အနီးကပ်ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်နိုင်ရန် ဖွင့်လှစ်ထားသော တိုင်းရင်းဆေးပေးခန်းနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဆေးပေးခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






## စဉ်ဆက်ပညာရေးလုပ်ငန်း ဂုဏ်ပြုပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၆**

ပညာရေးဝန်ကြီးဌာနနှင့်နေပြည်တော်ကောင်စီတို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင်နှင့် ဇေယျာသီရိခရိုင် မြို့နယ်လေးမြို့နယ် စဉ်ဆက်ပညာရေးလုပ်ငန်း ဂုဏ်ပြုပွဲကို ယနေ့နံနက် ၈ နာရီတွင် တပ်ကုန်းမြို့နယ် အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုနယ်မြေ နေပြည်တော် စဉ်ဆက်ပညာရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ စဉ်ဆက်ပညာရေးလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး ဦးစီးကော်မတီ အတွင်းရေးမှူး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ နေပြည်တော်ကောင်စီဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နေပြည်တော် စဉ်ဆက်ပညာရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ စေတနာရှင်လုပ်အားပေး နည်းပြ/ကြီးကြပ်များ၊ စာသင်သားများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး စဉ်ဆက်ပညာရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ခဲ့သည့် နေပြည်တော်ပညာရေးမှူးရုံးနှင့် စေတနာလုပ်အားပေး ဆောင်ရွက်ခဲ့ကြသည့် နည်းပြနှင့် ကြီးကြပ်ကိုယ်စားလှယ် နှစ်ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးက စဉ်ဆက်ပညာရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ပြောကြားပြီး စဉ်ဆက်ပညာရေးလုပ်ငန်းတွင် ပါဝင်တက်ရောက်ခဲ့သည့် စာသင်သားကိုယ်စားလှယ်နှစ်ဦးထံ မှတ်တမ်းတင်ဂုဏ်ပြုလွှာနှင့် သင်ယူပြီးမြောက်ကြောင်း အသိအမှတ်ပြုလက်မှတ်များ ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နှစ်(၈၀)ပြည့်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တပ်ကုန်းမြို့နယ် တဲမြင့်ကျေးရွာအုပ်စု သရက်ပင်ကျေးရွာရှိ “လင်းရောင်ခြည်” စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနား တက်ရောက်ပြီး စာကြည့်တိုက်တွင် စာအုပ်စာစောင်များထားရှိမှုကို ကြည့်ရှုသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး စာကြည့်တိုက်အတွက် MRTV DTH စလောင်းနှင့် MRTV DVB–T2 Set Top Box တစ်စုံနှင့် နေပြည်တော်ကောင်စီက စာကြည့်တိုက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မတည်ငွေများကိုလည်းကောင်း၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက စာကြည့်တိုက်အတွက် မတည်ငွေများနှင့် စာအုပ်စာစောင်များကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

**သတင်းစဉ်**

## ၂၀၂၅ ခုနှစ် မိုးကြိုရာသီ ဝါမျိုးနှင့် မျိုးစေ့ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်နှင့် လုပ်ငန်းအစီအစဉ် ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၆**

စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့် လျှော်မျှင်ထွက် သီးနှံဌာနခွဲ၏ ၂၀၂၅ ခုနှစ် မိုးကြိုရာသီဝါမျိုးနှင့် မျိုးစေ့ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်နှင့် လုပ်ငန်းအစီအစဉ် ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ဝါစိုက်တောင်သူများပါဝင်သည့် ရေရှည်တည်တံ့သော ဝါမျိုးစေ့စနစ်နှင့် မျိုးစေ့နည်းပညာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံချက်ရေးဆွဲ၍ မိုးကြို ရှေ့ပြေးစီမံကိန်းအကောင်အထည်ဖော်ပြီး လက်တွေ့ကွင်းဆင်းဆောင်ရွက်ရန်၊ အပင်အာဟာရစီမံခန့်ခွဲရေး လုပ်ငန်းများ အပါအဝင် တစ်ကေဝင်ဆံ့သော ဝါအပင်အရေအတွက် မြှင့်တင်နိုင်ရန်နှင့် အပင်အရွယ်အစား ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို တောင်သူများ လက်တွေ့စနစ်တကျ ဆောင်ရွက်နိုင်ရေး ထိရောက်စွာ နည်းပညာပေးစည်းရုံး ဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲမှ ပညာရှင်များနှင့်အတူ အမြုတေမျိုးစေ့(NS) ထိန်းသိမ်းခြင်းနှင့် မိဘမျိုးစေ့ ထိန်းသိမ်းခြင်း(BS) လုပ်ငန်းများ၊ အခြားမျိုးစေ့အဆင့်များ စနစ်တကျဆောင်ရွက်နိုင်ရေး၊ ရွှေတောင်(၁၀)၊ ရွှေတောင်(၈)၊ ငွေခြည်(၆)၊ ငွေခြည်(၉)၊ ငွေတောင်(၁၁)မျိုးများ၏ မိဘမျိုးစေ့ဆောင်ရွက်ထားရှိမှု၊ လက်ရှိတောင်သူများ အများဆုံးစိုက်ပျိုးသည့် မျိုးများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် ဝါသီးနှံပညာရှင်တစ်ဦးက ဝါသီးနှံမျိုး နှစ်မျိုးအား စမ်းသပ်စိုက်ပျိုးမှု နည်းစနစ်နှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးရာ ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသူများက အလားအလာကောင်းသည့် ရွှေတောင်(၁၀) ဝါမျိုးကို အမြုတေမျိုးစေ့(NS) ထိန်းသိမ်းခြင်းနှင့် မိဘမျိုးစေ့ထိန်းသိမ်းခြင်း (BS) လုပ်ငန်းများကို နည်းပညာခိုင်မာစွာဖြင့် စနစ်တကျ ဆောင်ရွက်ရေး၊ တစ်ကေဝါပင်ဦးရေ မြှင့်တင်ရေးနှင့် အပင်အရွယ်အစားအား ထိန်းသိမ်းရေးကို ဘက်စုံနည်းဖြင့် ဆောင်ရွက်ရေး၊ အပင်အာဟာရစီမံခန့်ခွဲရေး၊ ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး၊ သုတေသနများ ဆောင်ရွက်နိုင်ရေးတို့ကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**






## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ မီးခိုးမြူငွေ့အန္တရာယ်အကြောင်း အသိပညာပေးဆွေးနွေး

**ရန်ကုန် မတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ အရှေ့ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ သတိပြုဆင်ခြင်ဖွယ်မီးခိုးမြူငွေ့အန္တရာယ်အကြောင်း အသိပညာပေးဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်မိုးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစည်သူမောင်မောင်တို့က မီးခိုးမြူငွေ့တွင် ပါဝင်သောအရာများ၊ မီးခိုးမြူငွေ့ ပျံ့လွင့်နိုင်မှု၊ မီးခိုးမြူငွေ့ဖြစ်စေသောအရာများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုမှတစ်ဆင့် ဖြစ်ပေါ်လာနိုင်သော ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ ပြဿနာများကို ပြည်သူများသိရှိစေရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**စည်သူမောင်မောင်(ပြန်/ဆက်)**

# မြစ်တစ်စင်း၏အသီးအပွင့်များ (သို့မဟုတ်) အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုဆီသို့ .....

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇ **အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန** ◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ထွန်းကားလာစေခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည်ဟူသော ဌာန၏မျှော်မှန်းချက်နှင့်အညီ အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ထုတ်လုပ်ငန်းများ နိုင်ငံအဝန်း ကျယ်ပြန့်စွာထုတ်လုပ်လာနိုင်စေရေးတို့အတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးကူညီပေးခြင်း၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း၊ ထုတ်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဓာတ်ခွဲစမ်းသပ်ပေးခြင်း၊ စနစ်တကျမှတ်ပုံတင်ပေးခြင်း၊ ထုတ်ကုန်များ ဈေးကွက်ရရှိရေးအတွက် ဖော်ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဌာနအနေဖြင့် မဲခေါင်–လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၄)ဖြင့် **"စိုက်ပျိုးရေးအခြေခံကဏ္ဍရှိ အသေးစားလုပ်ငန်းများ မြှင့်တင်ခြင်းစီမံကိန်း"**နှင့် **"MSME လုပ်ငန်းများ မြှင့်တင်ရေးနှင့် ဒစ်ဂျစ်တယ်စီးပွားရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားနှင့် အငယ်စားစက်မှုလုပ်ငန်းများ၏ ဒစ်ဂျစ်တယ်နည်းပညာကျွမ်းကျင်မှုမြှင့်တင်ခြင်းစီမံကိန်း"**တို့အား စီမံကိန်းကာလ နှစ်နှစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိခဲ့ပါသည်။

**စီမံကိန်းများစတင်ခြင်း**

ယခုအခါ အဆိုပါစီမံကိန်းနှစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းများစတင်ခြင်းအခမ်းအနား (Project Launching Ceremony)ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မင်္ဂလာသီရိဟိုတယ် Grand Ballroom ၌ ကျင်းပခဲ့ပြီးဖြစ်ပါသည်။ အဆိုပါစီမံကိန်းများ စတင်ခြင်းအခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ တရုတ်သံရုံးမှ Second Secretary Mr. Zhang Zhonghua နှင့် တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ မဲခေါင်–လန်ချန်းပူးပေါင်းဆောင်ရွက်မှုပူးပေါင်းညှိနှိုင်းရေးအဖွဲ့(ဥက္ကဋ္ဌ) ညွှန်ကြားရေးမှူးချုပ်နှင့် စီမံကိန်းဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စားသုံးသူရေးရာဦးစီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ဘဏ္ဍာလုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာန၊ နေပြည်တော် MSMEs အဖွဲ့ဝင်များ၊ NGO အဖွဲ့အစည်းများမှ တာဝန်ရှိသူများ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ခဲ့ကြပါသည်။

> **မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဖြင့် "စိုက်ပျိုးရေးအခြေခံကဏ္ဍရှိ အသေးစားလုပ်ငန်းများ မြှင့်တင်ခြင်းစီမံကိန်း"နှင့် "MSME လုပ်ငန်းများ မြှင့်တင်ရေးနှင့် ဒစ်ဂျစ်တယ်စီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားနှင့် အငယ်စားစက်မှုလုပ်ငန်းများ၏ ဒစ်ဂျစ်တယ်နည်းပညာ ကျွမ်းကျင်မှုမြှင့်တင်ခြင်း စီမံကိန်း"တို့အား စီမံကိန်းကာလ နှစ်နှစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိခဲ့**




စီမံကိန်းများစတင်ခြင်းအခမ်းအနားတွင် တရုတ်သံရုံးမှ Second Secretary Mr.Zhang Zhonghua အမှာစကားပြောကြားစဉ်။

**စီမံကိန်း၏ရည်ရွယ်ချက်များ**

**"စိုက်ပျိုးရေးအခြေခံကဏ္ဍရှိ အသေးစားလုပ်ငန်းများမြှင့်တင်ခြင်းစီမံကိန်း"**ကို အောက်ပါရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်–

(က) မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးအခြေခံ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပံ့ပိုးကူညီပေးနိုင်ရန်၊

(ခ) အသေးစားကုန်ထုတ်လုပ်ငန်းများ၏ ကုန်ထုတ်စွမ်းအား၊ စွမ်းဆောင်ရည်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းအားကို မြှင့်တင်ပေးနိုင်ရန်၊

(ဂ) ကုန်ထုတ်လုပ်မှုနည်းပညာအသစ်အဆန်းများ ရှာဖွေဖော်ထုတ်၍ တီထွင်ဆန်းသစ်မှုများဖြင့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုကဏ္ဍကို မြှင့်တင်ပေးရန်၊

(ဃ) မဲခေါင်ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုကို မြှင့်တင်ရန်၊

**"MSME လုပ်ငန်းများမြှင့်တင်ရေးနှင့် ဒစ်ဂျစ်တယ်စီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားနှင့် အငယ်စားစက်မှုလုပ်ငန်းများ၏ ဒစ်ဂျစ်တယ်နည်းပညာကျွမ်းကျင်မှု မြှင့်တင်ခြင်းစီမံကိန်း"**ကို အောက်ပါရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်–

(က) အသေးစားစက်မှုလက်မှုလုပ်ငန်းများကို ဥပဒေနှင့်အညီ စနစ်တကျ လျင်မြန်စွာ မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် အွန်လိုင်းမှတ်ပုံတင် ပလက်ဖောင်းတစ်ခု တည်ထောင်ရန်၊

(ခ) ဌာနရှိဝန်ထမ်းများ၏ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အသိပညာနှင့် ကျွမ်းကျင်မှုများကို မြှင့်တင်ပေးရန်၊

(ဂ) တိုင်းဒေသကြီး/ ပြည်နယ်များမှ အသေးစားလုပ်ငန်းရှင်များအတွက် "ဒစ်ဂျစ်တယ်အသိပညာ၊ ခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာသင်တန်း"များ ပို့ချခြင်းဖြင့် ၎င်းတို့၏ ဒစ်ဂျစ်တယ်နည်းပညာကျွမ်းကျင်မှုကို မြှင့်တင်ပေးရန်၊

(ဃ) ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်စေရန်နှင့် ဒစ်ဂျစ်တယ်စီးပွားရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်။

**စီမံကိန်းလုပ်ငန်းများအကျဉ်းချုပ်**

**"စိုက်ပျိုးရေးအခြေခံကဏ္ဍရှိ အသေးစားလုပ်ငန်းများ မြှင့်တင်ခြင်းစီမံကိန်း"**တွင် တရုတ်နိုင်ငံမှ စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာကျွမ်းကျင်သူများအားဖိတ်ခေါ်၍ ဌာနရှိ သင်တန်းနည်းပြများအား ToT သင်တန်းပေးခြင်း၊ နည်းပညာလွှဲပြောင်းခြင်း၊ သင်တန်းနည်းပြများမှတစ်ဆင့် အသေးစားစက်မှုလက်မှုလုပ်ငန်းစတင်မည့်သူများ၊ ကျေးလက်နှင့် မြို့ပြရှိ အသေးစားလုပ်ငန်းရှင်များကို နည်းပညာအသစ်များနှင့် ဗဟုသုတများကို မျှဝေပေးခြင်း၊ စားသောက်ကုန်ထုတ်လုပ်ငန်း ထူထောင်လုပ်ကိုင်လိုသော သင်တန်းသားများအား တစ်ကြိမ်လျှင် ၁၅ ဦးဖြင့် ခုနစ်ကြိမ် ဖွင့်လှစ်ခြင်းနှင့် လုပ်ငန်းလုပ်ကိုင်လိုသူ ၇၅ ဦးကို လုပ်ငန်းထူထောင်ရန် ထောက်ပံ့ပေးခြင်း၊ လုပ်ငန်းရှင်များအတွက် MSME Business Plan Training နှင့် Food Safety သင်တန်းများဖွင့်လှစ်ပေးခြင်း၊ ဌာနမှတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ စုစုပေါင်း ၁၂ ဦးအားရွေးချယ်၍ အဆင့်မြင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာများကို လေ့လာရေးခရီးစဉ်အဖြစ် ထိုင်းနိုင်ငံသို့ စေလွှတ်ခြင်းနှင့် စီမံကိန်းစောင့်ကြည့်လေ့လာအကဲဖြတ်ခြင်းတို့ပါဝင်ပြီး အကျိုးရလဒ်အနေဖြင့် စိုက်ပျိုးရေးအခြေခံအသေးစားကုန်ထုတ်လုပ်ငန်း ၇၅ ခုကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးကူညီပေးနိုင်မည်ဖြစ်ပါသည်။

**"MSME လုပ်ငန်းများမြှင့်တင်ရေးနှင့် ဒစ်ဂျစ်တယ်စီးပွားရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားနှင့်အငယ်စား စက်မှုလုပ်ငန်းများ၏ ဒစ်ဂျစ်တယ်နည်းပညာကျွမ်းကျင်မှုမြှင့်တင်ခြင်း စီမံကိန်း"**တွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများအတွက် အွန်လိုင်းမှတ်ပုံတင်ပလက်ဖောင်းတစ်ခုတည်ထောင်ခြင်း၊ အသေးစားစက်မှုလုပ်ငန်းထုတ်ကုန်များအတွက် ဒစ်ဂျစ်တယ်ဈေးကွက် (e-commerce) ပလက်ဖောင်းအား အဆင့်မြှင့်တင်ခြင်း၊ ဌာနမှ ဘာသာရပ်ဆိုင်ရာ အရာထမ်းနှင့် အမှုထမ်း ၁၀၀ အတွက် "Digital Skill Up Training" ToT သင်တန်းနှစ်ကြိမ်အား ပြည်တွင်းမှ နည်းပညာရှင်များဖြင့် ဖွင့်လှစ်ဆောင်ရွက်ပေးခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်များမှလုပ်ငန်းရှင်များအတွက် "ဒစ်ဂျစ်တယ်အသိပညာ၊ ခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာသင်တန်း" ၄၅ ကြိမ်ဖွင့်လှစ်၍ လုပ်ငန်းရှင် ၉၀၀ အား ဒစ်ဂျစ်တယ်နည်းပညာရပ်ဆိုင်ရာ အသိပညာများကို ပို့ချပေးခြင်း၊ ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ



စိုက်ပျိုးရေးကုန်ကြမ်း သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းများ ဖွင့်လှစ်မှုကို တွေ့ရစဉ်။

စာမျက်နှာ ၁၅ သို့ ☆

✰ စာမျက်နှာ ၁၄ မှ

နည်းပညာနှီးနှောဖလှယ်ပွဲ Seminar နှစ်ကြိမ် ကျင်းပခြင်း၊ မဲခေါင်-လန်ချန်း ဒေသတွင်း အသေးစားစက်မှုလုပ်ငန်း ထုတ်ကုန်များအတွက် e-commerce ပလက်ဖောင်းကို အောင်မြင်စွာ အဆင့်မြှင့်တင်နိုင်စေရန် တရုတ်၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ ပညာရှင်သုံးဦးကို ဖိတ်ကြား၍ ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ အလေ့အကျင့်များနှင့် အတွေ့အကြုံများကို မျှဝေပေးခြင်း၊ ဌာနမှ ဘာသာရပ်ဆိုင်ရာ အရာရှိကြီး ၁၀ ဦးသည် MSMEs များအတွက် e-commerce စနစ်၏ အလေ့အကျင့်များကိုလေ့လာရန် တရုတ်နိုင်ငံသို့ ဒစ်ဂျစ်တယ်နည်းပညာလေ့လာရေးခရီး သွားရောက်ခြင်း၊ စီမံကိန်းကာလအတွင်း စီမံကိန်းကို စောင့်ကြည့် လေ့လာအကဲဖြတ်ခြင်းတို့ပါဝင်ပြီး အကျိုးရလဒ်အနေဖြင့် အသေးစားကုန်ထုတ်လုပ်ငန်းရှင်များသည် ဒစ်ဂျစ်တယ်နည်းပညာများကိုအသုံးပြု၍ အွန်လိုင်းဈေးကွက်များရရှိစေပြီး လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးကူညီပေးနိုင်မည်ဖြစ်ပါသည်။

**“စိုက်ပျိုးရေးအခြေခံ အသေးစားစားသောက်ကုန်ထုတ်လုပ်မှုကဏ္ဍကို မြှင့်တင်ခြင်း”သည် အစားအစာဘေးကင်းလုံခြုံမှုနှင့် အာဟာရဖူလုံပြည့်ဝရေးအတွက်သာမက မြန်မာနိုင်ငံရှိ ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝကိုပါ မြှင့်တင်ပေးရာရောက်ပြီး နိုင်ငံတော်၏ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလာနိုင်မည်။ မိသားစုတစ်နိုင်တစ်ပိုင်လုပ်ကိုင်နိုင်သော အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည့်အပြင် ဌာနရှိဝန်ထမ်းများ၏ စွမ်းဆောင်ရည်များလည်း တိုးတက်လာနိုင်မည်**






**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး Digital Skill Up (ToT) Training (၁/၂၀၂၅) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။**

**စီမံကိန်းများမှရရှိလာမည့် အကျိုးကျေးဇူးများ**

အဆိုပါစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးအခြေခံအသေးစားလုပ်ငန်းများအားကောင်းလာစေခြင်း၊ ခေတ်မီကုန်ထုတ်လုပ်မှုနည်းပညာများကို အသုံးချလာနိုင်ခြင်း၊ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ အွန်လိုင်းမှတ်ပုံတင် Platform မှတစ်ဆင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများကို ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်ပေးနိုင်ခြင်း၊ ဌာနရှိဝန်ထမ်းများအား ခေတ်နှင့်အညီ နည်းပညာရပ်ဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ရည်များကို မြှင့်တင်ပေးနိုင်ခြင်း၊ နိုင်ငံတစ်ဝန်းရှိ အသေးစားလုပ်ငန်းရှင်များက ဒီဂျစ်တယ်နည်းပညာဆိုင်ရာ အသိပညာ၊ ဗဟုသုတများနှင့် အကျိုးကျေးဇူးများကို သိမြင်နားလည်စေခြင်း၊ MSME လုပ်ငန်းများ၏ ဈေးကွက်ဖွံ့ဖြိုးရေးအတွက် ဒစ်ဂျစ်တယ်နည်းပညာများအတွက် ရေရှည်ဈေးကွက်ဖွံ့ဖြိုးရေး ဖော်ဆောင်ပေးနိုင်ခြင်း၊ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ MSME လုပ်ငန်းများ၏ ဈေးကွက်ပိုမိုဖွံ့ဖြိုးတိုးတက်လာစေပြီး ဒစ်ဂျစ်တယ်စီးပွားရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုခြင်း၊ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုခြင်း၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုကို မြှင့်တင်ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်။

**မြစ်တစ်စင်း၏အသီးအပွင့်များ**

အဆိုပါစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း စိုက်ပျိုးရေးထွက်ကုန်များမှ အရည်အသွေးမီပြီး ဘေးအန္တရာယ်ကင်းရှင်းသော တန်ဖိုးမြှင့်စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်လာနိုင်ခြင်း၊ ကုန်ထုတ်လုပ်မှုနည်းပညာများအား ဖြန့်ဖြူးပေးနိုင်ခြင်းဖြင့် အသေးစားကုန်ထုတ်လုပ်ငန်းများ၏ ကုန်ထုတ်

ကို ထိရောက်မှန်ကန်စွာ အသုံးပြုနိုင်ခြင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းမှတ်ပုံတင်ထားသည့် စားသောက်ကုန်၊ လူသုံးကုန်လုပ်ငန်းစွမ်းအားကို မြှင့်တင်ပေးနိုင်ခြင်း၊ ကုန်ထုတ်လုပ်ငန်းရှင်များနှင့် ပြည်သူများအနေဖြင့် Food Safety ဆိုင်ရာ စားသောက်ကုန် ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိလာစေခြင်း၊ **“စိုက်ပျိုးရေးအခြေခံ အသေးစားစားသောက်ကုန်ထုတ်လုပ်မှုကဏ္ဍကို မြှင့်တင်ခြင်း”**သည် အစားအစာဘေးကင်းလုံခြုံမှုနှင့် အာဟာရဖူလုံပြည့်ဝရေးအတွက်သာမက မြန်မာနိုင်ငံရှိ ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝကိုပါ မြှင့်တင်ပေးရာရောက်ပြီး နိုင်ငံတော်၏ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလာနိုင်မည်ဖြစ်ပါသည်။

ထို့အပြင် အသေးစားစက်မှုလုပ်ငန်းများအတွက် ဒစ်ဂျစ်တယ်ဆိုင်ရာ နည်းပညာအကူအညီများပေးနိုင်ခြင်းနှင့် ဈေးကွက်ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် မိသားစုတစ်နိုင်တစ်ပိုင်လုပ်ကိုင်နိုင်သော အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည့်အပြင် ဌာနရှိဝန်ထမ်းများ၏ စွမ်းဆောင်ရည်များလည်း တိုးတက်လာနိုင်မည် ဖြစ်ပါသည်။

ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ MSME လုပ်ငန်းများ၏ ဈေးကွက်ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလာနိုင်မည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၁၆ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင်စတင်ခဲ့သော မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုမှသည် နောင်နှစ်ပေါင်းများစွာတိုင် ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ကိုးနှစ်ပြည့်အထိမ်းအမှတ်အဖြစ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများသည် မြစ်တစ်စင်း၏အသီးအပွင့်များ(သို့မဟုတ်) အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# နှစ်(၈၀)ပြည့်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ငရုတ်ကောင်းမြို့ ချောင်းဝတံတားဖွင့်ပွဲ ကျင်းပ

ပုသိမ် မတ် ၂၆

နှစ်(၈၀)ပြည့်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ငရုတ်ကောင်းမြို့ ငရုတ်ကောင်း-ချောင်းဝ-နံ့သာပု-ဂျိုင်လေး-ဂေါ်ရန်ဂျီလမ်းပေါ်ရှိ ချောင်းဝတံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်ဖွင့်လှစ်ပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လမ်းတံတားများတည်ဆောက်ပြီးဖြစ်၍ မြို့ကြီးများနှင့် အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများကလည်း ချောင်းဝတံတားအပါအဝင် လမ်းတံတားများအား ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ချောင်းဝတံတားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပေးအပ်သည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ချောင်းဝတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ တံတားသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ ငရုတ်ကောင်း-ချောင်းဝ-နံ့သာပု-ဂျိုင်လေး-ဂေါ်ရန်ဂျီလမ်းပေါ်ရှိ ချောင်းဝတံတားကို တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ခြင်း



ဖြစ်ပြီး ငရုတ်ကောင်းမြို့ ကမ်းခြေဒေသရှိ ကျေးရွာများအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များ၊ ခရီးသွားလာရေးလုပ်ငန်းများအပြင် ကုန်စည်စီးဆင်းမှုများအတွက် များစွာ အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဟိန်း(ပြန်/ဆက်)**

✪ MNL မှ

Young Boy အသင်းအတွက် အနိုင်ဂိုးများကို ၁၆ မိနစ်တွင် အောင်သက်ဆန်း၊ ၃၃ မိနစ်တွင် ပြည့်အောင်သိန်း၊ ၇၄ မိနစ်တွင် ကျော်ပြည့်စုံတို့က သွင်းယူပြီး 10/Mon အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၄ မိနစ်တွင် လွင်ကိုနိုင်က သွင်းယူခဲ့သည်။

ညနေပိုင်းကျင်းပသည့် ဆီမီးဖိုင်နယ် ဒုတိယပွဲတွင် YRFA အသင်းက Zan United အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ သာမန်ပွဲကစားချိန် မိနစ် ၉၀ တွင် တစ်ဂိုးစီသရေကျနေသဖြင့် အချိန်ပိုဆက်လက်ကစားရာ YRFA အသင်းက အနိုင်ဂိုးသွင်းယူပြီး ဗိုလ်လုပွဲတက်ရောက်သွားသည်။ ၅၅ မိနစ်တွင် စိုင်းဇေယျာကျော်က YRFA အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူသော်လည်း ပွဲပြီးခါနီးတွင် အောင်ဝင်းခန့်က Zan United အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သဖြင့် အချိန်ပို ဆက်ကစားခဲ့ရသည်။ YRFA အသင်းအတွက် အနိုင်ဂိုးကို ၁၂၂ မိနစ်တွင် သက်ပိုင်စိုးက သွင်းယူခဲ့သည်။

ဗိုလ်လုပွဲ တက်ရောက်သွားသည့် Young Boy အသင်းနှင့် YRFA အသင်းသည် လာမည့်ရာသီ MNL-2 (ပထမတန်း) ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရခဲ့သည်။ ဗိုလ်လုပွဲကို မတ် ၂၉ ရက်တွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL**

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၆၉ ဦးနှင့် တောင်အာဖရိကနိုင်ငံသား ၂၃ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်

နေပြည်တော် မတ် ၂၆

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါ လုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပ နိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးလျက်ရှိသည်။

ထိုသို့လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ် မြဝတီမြို့ မယ်ထော်သလေးနယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများ လုပ်ဆောင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၆၉ ဦးနှင့် တောင်အာဖရိကနိုင်ငံသား ၂၃ ဦး စုစုပေါင်း ၃၉၂ ဦးတို့အား လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

အဆိုပါပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်မြင့်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများအား လိုအပ်သည့် စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို မှာကြားသည်။



ဆက်လက်၍ ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကျင်းပရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်မြင့်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ တောင်အာဖရိကသံရုံးမှ Ambassador Mr.Darkey Africa နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Liu Ning Ning နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၂၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၈၆၇၀ ကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၅၇၉၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၈၇၂ ဦးကို သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်း စောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့်အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကိုပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများ၊ အထူးသဖြင့် မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုပုံစံ(Trilateral Cooperation) တို့ဖြင့် စဉ်ဆက်မပြတ် တက်ကြွစွာဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ရွှေဘိုမြို့ရှိ အောင်ဇေယျဈေးအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်၊ ကလေးငယ်တစ်ဦး အပါအဝင် အပြစ်မဲ့ပြည်သူ ငါးဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မတ် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ သက်သာပန်းတောင်းရပ်ကွက်ရှိ အောင်ဇေယျဈေးအတွင်းသို့ မတ် ၂၅ ရက်တွင် PDF အမည်ခံအကြမ်းဖက်သမားများက ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်ခဲ့သဖြင့် ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူ ငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ရွှေဘိုမြို့ သက်သာပန်းတောင်းရပ်ကွက်ရှိ အောင်ဇေယျဈေးအတွင်းသို့ မတ် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် PDF အမည်ခံအကြမ်းဖက်သမားများက ဥသျှစ်ကန်ကျေးရွာ၏အနောက်တောင်ဘက် မီတာ ၂၅၀ ခန့်အကွာမှ ရှော့တိုက်ဒုံး တစ်လုံးဖြင့် ပစ်ခတ်ခဲ့သဖြင့် အသက် ငါးနှစ်အရွယ် ကလေးငယ် တစ်ဦးနှင့် ဈေးအတွင်း ဈေးရောင်းနေသည့် အမျိုးသမီးလေးဦးတို့ ဖုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့ပြီး အဆိုပါထိခိုက်ဒဏ်ရာရရှိသူများအား ရွှေဘိုမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဒေသခံပြည်သူများ အေးချမ်းစွာနေထိုင်လျက်ရှိသော မြို့၊ ရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drop Bombများ၊ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် ပြည်သူလူထု၏ အသက်အိုးအိမ်၊ စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရပြီး ထိုသို့အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဒေသခံပြည်သူလူထုမှ လုံးဝလက်ခံနိုင်ခြင်း မရှိဘဲ ပြင်းထန်စွာကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




PDF အမည်ခံ အကြမ်းဖက်သမားများက ရွှေဘိုမြို့ သက်သာပန်းတောင်းရပ်ကွက်ရှိ အောင်ဇေယျဈေးအတွင်းသို့ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်ခဲ့သည့်ဖြစ်စဉ်နေရာပြပုံ။

# စဉ့်ကူးမြို့နယ် မာလဲနတ်တောင်ဆည်နှင့် ကျေးရွာ သုံးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် အဆောက်အအုံအများအပြား ပျက်စီးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၂၆

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် မာလဲနတ်တောင်ဆည်နှင့် ကျေးရွာသုံးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် အဆောက်အအုံအများအပြား ပျက်စီးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ နယ်မြေခံလုံခြုံရေး တာဝန်ရှိတစ်ဦးအား ဆက်သွယ်မေးမြန်းချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး လုပ်ငန်းများကိုသာ ဆောင်ရွက်လျက်ရှိပြီး စစ်ရေးပစ်မှတ်မဟုတ်သည့်နေရာများအား ဗုံးကြဲတိုက်ခိုက်မှုများ မရှိကြောင်း သိရသည်။

အကြမ်းဖက် အားပေးပြည်ဖျက်မီဒီယာများ အနေဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ မဟုတ်မမှန်ရေးသားဖြန့်ဝေနေခြင်း ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၂၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း မတ် ၂၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Tun Tun Aung” Telegram အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဆရာစံရပ်ကွက်နေ ထွန်းထွန်းအောင် (ခ) ဖိုးကုလားအား ညနေ ၅ နာရီ မိနစ် ၄၀ တွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အခြားနိုင်ငံများသို့ မြန်မာလုပ်သားစေလွှတ်နိုင်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်

| စဉ် | စံပြုလုပ်ငန်းစဉ် (SOP) | ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ် | ဆောင်ရွက်ရမည့် အဖွဲ့အစည်း |
|---|---|---|---|
| ၁။ | မြန်မာအေဂျင်စီမှ Demand Letter ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း | - လက်ခံနိုင်ငံ၏ အလုပ်ရှင်၊ သို့မဟုတ် အလုပ်ရှင်၏ တရားဝင်ကိုယ်စားလှယ်မှ အလုပ်သမားလိုအပ်ချက် ဖော်ပြထားသောစာ (ရုံးတံဆိပ်/ Letter Head ပါရှိသည့် ကုမ္ပဏီ၏စာ၊ လက်မှတ်၊ လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်) ကို ပူးတွဲဖော်ပြရန်လိုအပ်ပြီး ၎င်း Demand Letter အား မြန်မာအေဂျင်စီထံသို့ ပေးပို့ခြင်း၊<br>- မြန်မာအေဂျင်စီများမှ Demand Letter အား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ အောက်ပါအတိုင်းတင်ပြခြင်း-<br>(က) Demand Letter တစ်စောင်လျှင် လူဦးရေ ၁၀ ဦးထက် မပိုစေရန်၊<br>(ခ) သက်ဆိုင်ရာနိုင်ငံအလိုက် အေဂျင်စီတစ်ခုသည် တစ်လလျှင် တစ်ကြိမ်သာ တင်ပြရန်၊<br>(ဂ) Demand Letter တင်ပြရာတွင် dolmigrationsingaporeother@gmail.com သို့ တင်ပြရန်(အလုပ်သမားဝန်ကြီးဌာနသို့ လူကိုယ်တိုင်လာရောက်တင်ပြခြင်း မပြုရန်)၊ | သက်ဆိုင်ရာနိုင်ငံ အလုပ်ရှင်<br>မြန်မာအေဂျင်စီ |
| ၂။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြခြင်း | - Demand Letter မှန်ကန်မှု ရှိ/ မရှိ စိစစ်ပေးနိုင်ရေး နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အကြောင်းကြားရန် အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြခြင်း၊ | အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန |
| ၃။ | အလုပ်သမားဝန်ကြီးဌာနမှ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ညှိနှိုင်းအကြောင်းကြားခြင်း | - အလုပ်သမားဝန်ကြီးဌာနမှ Demand Letter မှန်ကန်မှု ရှိ/ မရှိ စိစစ်နိုင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ညှိနှိုင်းအကြောင်းကြားခြင်း၊ | အလုပ်သမားဝန်ကြီးဌာန၊ ဝန်ကြီးရုံး |
ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ်(၃၁၃)ရှိ Myat Mingalar The Residence ရှိ အခန်းအမှတ်–Unit (C)၊ (၆)လွှာ၊ ဧရိယာ(၂၀၂၂)စတုရန်းပေရှိ ရေမီးစုံတိုက်ခန်း(၁)ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင် လက်ရောက်ရရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ **ဦးဇာနည်ဆွေ[၁၂/စခန(နိုင်)၀၆၈၃၇၁]**မှ ရောင်းချရန် ကမ်းလှမ်းခဲ့၍ **ဦးဝေလင်း[၁၂/မဂတ(နိုင်)၀၈၈၁၃၀]**မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်သဖြင့် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ကာ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးဝေလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးပြည်သာကျော်မိ(LL.B)**
**(တရားလွှတ်တော်ရှေ့နေ) စဉ်–၁၅၈၃၅**
**အမှတ်(၇၉)၊ မြေညီထပ်၊ (၃၈)လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၂၁၀၄၇၄၀၄၊ ၀၉–၆၉၂၃၁၂၆၁၇**

## 'ကန့်ကွက်နိုင်ပါသည်'

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်( ၆ )၊ မြေကွက်အမှတ်( ၉၄၅/ခ )၊ ဧရိယာ( ၁၂၀၀ )စတုရန်းပေရှိ နှစ်( ၆၀ )ဂရန်မြေကွက်နှင့် ယင်းမြေကွက်တည်ရှိရာ အမှတ်( ၉၄၅/ခ )၊ အင်းဝ( ၇ )လမ်း၊ ( ၆ )ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်အမည်ပေါက်လက်ဝယ်ပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဒေါ်သဲစုမွန်ထွဋ်( ၄/ဟခန(နိုင်)၀၂၆၈၅၈ )ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာချက်ပါသည့်နေ့မှစ၍( ၇ )ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေများ | |
|---|---|---|
| ဒေါ်အင်ကြင်းမိုမို | ဒေါ်မိုးမိုးအေး | ဒေါ်တင်ဇာနည်နေဝင်း |
| (LL.B,D.B.L) | (LL.B,D.B.L,D.M.L,D.I.L)(စဉ် ၈၅၅၈) | (LL.B,D.I.L)(စဉ် ၉၅၇၃) |
| (စဉ် ၄၆၅၄၉) | WIPO,DL.101Switzerland | DL-101(WIPO)Geneva |

**☎ –09799991090, 09799991095, 09775560071, 09775560072**
**တိုက်အမှတ်(၃၈)၊ အခန်းအမှတ်(၃၀၁)၊ ၃လွှာ၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**

## ပတ်စ်ပို့ပျောက်

(ဘ)ဦးကြည်ဝင်း၏ သား ဦးသွင်ထူးအောင် [၁၂/ဥကတ(နိုင်)၁၄၃၈၄၁]၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၉၅၈၁၀၀၇၅၄**

## ပတ်စ်ပို့ပျောက်

ဝါဝါဖြိုး (ဘ)ဦးဌေးနိုင် [၁၄/ဝခမ(နိုင်)၃၀၈၄၇၅]ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH–804330)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၆၇၁၁၀၁၉၉၆**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ လမ်း–၄၀၊ အမှတ်–၂၉၃/၂၉၅၊ တိုက်ခန်းအမှတ်(၁)၊ မြေညီထပ်၊ အကျယ်အဝန်း(အလျား ၁၂ပေခွဲ၊ အနံ ၅၀ပေ)ရှိ ကန်ထရိုက်တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ကျွန်ုပ်၏မိတ်ဆွေ(၂)ဦးဖြစ်သူ ဦးရဲလင်းထွန်းအောင်[၁၂/ကတတ(နိုင်)၀၂၉၃၉၇]နှင့် ဦးကျော်လင်းထွန်းအောင် [၁၂/ကတတ(နိုင်)၀၃၀၁၁၅]တို့၏ ဖခင်ဖြစ်သူ ဦးတင်ရွှေ[၁၂/သဃက(နိုင်)၁၃၇၉၁၇]မှ အရပ်ဆက်စပ် စာချုပ်များဖြင့် တရားဝင် လက်ဝယ် ပိုင်ဆိုင်ခဲ့သောတိုက်ခန်းဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေများ၏ ဖခင်ဖြစ်သူသည်(၁၈–၉–၂၀၂၁) ရက်နေ့တွင် လည်းကောင်း မိခင်ဖြစ်သူသည် (၂၄–၇–၂၀၂၄)ရက်နေ့တွင် လည်းကောင်း ကွယ်လွန်သွားခဲ့ပြီးဖြစ်ပါသည်။ ၎င်းတို့ကွယ်လွန်ချိန်တွင် ကျန်ရစ်သောသားဖြစ်သူ(၂)ဦးမှသာ ဥပဒေကြောင်းအရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသည့် တိုက်ခန်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ(၂)ဦးဖြစ်သူ ဦးရဲလင်းထွန်းအောင်နှင့် ဦးကျော်လင်းထွန်းအောင်တို့သည် တရားဝင်အမွေဆက်ခံခွင့်ရှိသူများဖြစ်ပြီး အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိလက်ဝယ်ပိုင်ဆိုင်ပြီး ၎င်းတို့သည်သာ စီမံခန့်ခွဲဆောင်ရွက်ပိုင်ခွင့်အပြည့်အဝရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ရည်မွန်ဦး [LL.B, DBL, WIPO (Switzerland)]**
**အထက်တန်းရှေ့နေ ( စဉ်– ၅၀၄၄၇ )**
**အမှတ် –၈၂၄၊ တိမ်ညိုလမ်း၊ (၉)ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၇၉၉၆၄၈၉၁၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ ပုလဲကွန်ဒိုအမည်ရှိ (၆)ခန်းတွဲ(၁၂)ထပ်တိုက်အဆောက်အဦးမှ တိုက်အမှတ်( F )၊ အခန်းအမှတ်(၀၇–၀၄)၊ အကျယ်အဝန်း (၁၈၆၄)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း(၁)ခန်းနှင့်ယင်းကွန်ဒိုတိုက်ခန်းပေါ်ရှိ တွယ်ကပ်ဆက်စပ်လျက်ရှိသောပစ္စည်းများနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(အဆောက်အအုံ)တွင် ယခုရောင်းချသူ ဒေါ်စုဝင့်ဖြူ(၁၂/ဒဂန(နိုင်) ၀၃၀၄၁၂) အမည်ဖြင့် Owner Book အမည်ပေါက်မှတ်သားတည်ရှိပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍(၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

| | |
|---|---|
| **ဒေါ်စုမြတ်မောင် (LL.B)** | **ဒေါ်ကေကေနိုင် (LL.B)** |
| တရားလွှတ်တော်ရှေ့နေ (စဉ် –၁၆၅၅၄) | အထက်တန်းရှေ့နေ (စဉ် –၅၃၃၄၄) |
| **ဦးတိုးဝေနိုင် (LL.B)** | **ဒေါ်ဥသြခင်(ခ)ဥမ္မာသိန်း(LL.B)** |
| အထက်တန်းရှေ့နေ (စဉ် –၅၅၉၁၃) | အထက်တန်းရှေ့နေ (စဉ် –၅၃၈၇၈) |

အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉–၄၂၈၀၂၂၃၈၄၊ ၀၉–၄၂၆၈၇၆၆၆၀၊ ၀၉–၇၆၉၈၂၃၄၁၇၊ ၀၉–၄၄၅၆၅၉၀၁၇

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ စိန်ပန်းမြိုင်လမ်း၊ မြေကွက်အမှတ်(၁၃၆၂)၊ မြေအကျယ်အဝန်း(၄၃ပေ ×၆၀ပေ)၊ ဧရိယာ(၀.၀၅၉)ဧက၊ (၂၅၈၀) စတုရန်းရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဒေါ်မြမြဦး(၁၂/လမန(နိုင်)၀၃၂၁၂၁)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ယခုရောင်းချသူ ဦးမြစိုး(၈/ရစက(နိုင်)၀၅၃၈၆၀)သည် (၂၈–၆–၂၀၂၃) ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်နှင့်ခြံမြေကွက်အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

| | |
|---|---|
| **ဒေါ်စုမြတ်မောင် (LL.B)** | **ဒေါ်ကေကေနိုင် (LL.B)** |
| တရားလွှတ်တော်ရှေ့နေ (စဉ် –၁၆၅၅၄) | အထက်တန်းရှေ့နေ (စဉ် –၅၃၃၄၄) |
| **ဦးတိုးဝေနိုင် (LL.B)** | **ဒေါ်ဥသြခင်(ခ)ဥမ္မာသိန်း(LL.B)** |
| အထက်တန်းရှေ့နေ (စဉ် –၅၅၉၁၃) | အထက်တန်းရှေ့နေ (စဉ် –၅၃၈၇၈) |

အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉–၄၂၈၀၂၂၃၈၄၊ ၀၉–၄၂၆၈၇၆၆၆၀၊ ၀၉–၇၆၉၈၂၃၄၁၇၊ ၀၉–၄၄၅၆၅၉၀၁၇

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ် (၈၁၄/က)ဟုခေါ်တွင်သော အိမ်အမှတ်(၈၁၄/က)၊ မဟော်သဓာ(၅)လမ်း၊ (၁၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဦးမောင်မောင်(ဘ)ဦးဇော်လာမက်(SRI-001148)အမည်ပေါက် ပေ(၂၀x၆၀) ကျယ်ဝန်းသည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ(နှစ်ထပ်အိမ်)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်အစပ်များဖြင့် လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဒေါ်လတ်လတ်ထွေး(ဘ)ဦးလှဝေ[၇/ရကန(နိုင်)၀၃၈၁၂၉]မှ ရောင်းချမည်ဖြစ်ကြောင်းကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်ယမုံဇော်(LL.B(Q),HGP)** **ဒေါ်အေးခန့်ခန့်လှိုင်(LL.B,HGP)**

**အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉)** **အထက်တန်းရှေ့နေ(စဉ်-၅၅၄၂၄)**

**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၈၈၅၀၃၂၃၁၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁) ရပ်ကွက်၊ သုမိတ္တာ (၁၃) လမ်း၊ အိမ်အမှတ် (၄၈၁)ဟုခေါ်မြေကွက်ပေါ်တွင် ဆောက်လုပ်နေသော (၆) ထပ်တိုက်၏ မြေညီထပ် ( ခြေရင်းဘက်အခြမ်း) ၊ အကျယ်အဝန်း(၁၂ပေခွဲ x ၅၅ပေ) တိုက်ခန်းအား ကန်ထရိုက်တာဖြစ်သူထံမှ ကြိုပွိုင့်စနစ်ဖြင့် ဝယ်ယူထားသူဖြစ်ကြောင်း တင်ပြဝန်ခံသူ ဒေါ်ဖြူဖြူအောင် [၁၂/ဥကတ(နိုင်)၀၀၀၀၆၉]က အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေမှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်အကြောင်းရှိခဲ့ပါလျှင် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဇော်ဝင်းထွန်း (LL.B, D.B.L)**

**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၇၀၃)**

**ရုံးခန်း (၅)၊ ပထမထပ် Strand Condominium၊ အမှတ် (၃၃/၄၉)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း - ၀၉-၄၅၀၀၃၉၂၁၀၊ ၀၉-၅၀၃၄၆၅၂**

## ဒေါ်လှဲ့လှဲ့ဝင်းမာ [၁၂/လသန(နိုင်)၀၁၆၁၄၄]နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ လသာလမ်း၊ အမှတ် (၁၁၉/၁၂၁)၊ ၄-လွှာ အခန်းအား (၁-၄-၂၀၂၀ မှ ၃၁-၁၂-၂၀၂၀) နေ့ထိ ဒေါ်လှဲ့လှဲ့ဝင်းမာ [၁၂/လသန(နိုင်)၀၁၆၁၄၄]အား (၉)လစာ ငှားရမ်းခရယူ၍ လူနေထိုင်ရန် ငှားရမ်းခဲ့ပါသည်။ သို့ရာတွင် ဒေါ်လှဲ့လှဲ့ဝင်းမာသည် ငှားရမ်းခြင်းကတိစာချုပ်ကိုဆက်လက်ချုပ်ဆိုခြင်း၊ ယနေ့ထိတိုင် ငှားရမ်းခများကိုဆက်လက်ပေးချေခြင်း၊ ငှားရမ်းထားသည့်အခန်းကို ပြန်လည်ပေးအပ်ခြင်းတို့ကို "နှစ်ဦးသဘောတူအခန်းငှားရမ်းခြင်းစာချုပ်"ပါ သဘောတူညီချက်ပါအတိုင်း ဆောင်ရွက်ခြင်းမပြုဘဲ ရှောင်တိမ်းနေပါသဖြင့် အကြောင်းကြားစာပေးပို့ဆက်သွယ်သော်လည်း အကြောင်းပြန်ကြား ဆက်သွယ်ခြင်းမရှိပါ။ သို့ဖြစ်၍ (၉-၄-၂၀၂၅)ရက်နေ့ နောက်ဆုံးထား၍ ကျွန်ုပ်တို့ထံ ဆက်သွယ်ပါရန်နှင့် အိမ်ခန်းပြန်လည်အပ်နှံပါရန် အကြောင်းကြားသိစေအပ်ပါသည်။

အကယ်၍ (၉-၄-၂၀၂၅) ရက်နေ့ထိဆက်သွယ်ခြင်းမပြုပါက အခန်းပိုင်ရှင်များမှ သက်ဆိုင်ရာလူကြီးများရှေ့မှောက်တွင် တိုက်ခန်းအား သော့ဖျက်ဖွင့်လှစ်၍ အခန်းတွင်းရှိပစ္စည်းများကို ဆွဲထုတ်ပြီး အခန်းကို လက်ရောက်ပြန်လည်ရယူလိမ့်မည်ဖြစ်ပါကြောင်း ဒေါ်လှဲ့လှဲ့ဝင်းမာနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**

**ဒေါ်ရီရီတင်** **ဒေါ်မျိုးကြာဖြူ**

**(စဉ်-၁၉၉၅)** **(စဉ်-၅၆၁၉၁)**

**တရားလွှတ်တော်တော်ရှေ့နေနှင့်နိုတြီပဗ္ဗလစ်** **အထက်တန်းရှေ့နေ**

**ရုံး - အမှတ် (၈၉)၊ (၃၈) လမ်း၊ မြေညီထပ်၊ ကျောက်တံတားမြို့နယ်။**

**ဖုန်း- ၀၉-၅၀၁၈၃၄၅**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ရွှေကုန်းရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၈၇၃)နေ ဒေါ်နန်းခမ်းအေး [၁၃/မဆတ(နိုင်)၀၄၀၁၆၃] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည် -

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းခမ်းအေးနှင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးဇင်မင်းပိုးတို့သည် ယောက္ခထီးဖြစ်သူ ဦးမြင့်အေး [၁၂/ကတန(နိုင်)၀၀၆၅၄၀] ထံမှ (၄-၁-၂၀၁၅) ရက်နေ့ကဝယ်ယူထားသည့် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ရွှေကုန်းရပ်ကွက်၊ အောင်သုခလမ်း (မဟာမြိုင်ကျောင်းသစ်ကျောင်းဘေး)၊ အမှတ် (၈၇၃)၊ ဧရိယာ-အလျား ၈၀ပေx အနံ ၄၀ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ကျွန်ုပ်မိတ်ဆွေမှဆောက်လုပ်ထားသည့် အိမ်နှင့် ဆိုင်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ကျွန်ုပ်မိတ်ဆွေ ဒေါ်နန်းခမ်းအေးတို့မှ တရားဝင်လက်ဝယ်ထားရှိ ပိုင်ဆိုင်သည့် မြေကွက်နှင့် အိမ်၊ ဆိုင်ခန်းတို့ဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါ်နန်းခမ်းအေးနှင့် ၎င်း၏သမီး (၂)ဦးမှာ ၎င်းမိဘများရှိရာ မူဆယ်မြို့သို့ အလည်သွားစဉ် ယောက္ခထီးဖြစ်သူ ဦးမြင့်အေးထံသို့ အထက်ပါမြေကွက်နှင့် အိမ်၊ ဆိုင်ခန်းတို့အား ကြည့်ရှုစောင့်ရှောက်ပေးရန် ခေတ္တခဏ အပ်နှံထားခဲ့ခြင်းသာဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်နန်းခမ်းအေးပိုင်ဆိုင်သော အထက်ပါမြေကွက်နှင့် အိမ်၊ ဆိုင်ခန်းတို့အား ယောက္ခထီးဖြစ်သူ ဦးမြင့်အေးအပါအဝင် မည်သူတစ်ဦးတစ်ယောက်မှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့အား မပြုလုပ်ရန် အသိပေးလိုက်ပါသည်။ ပြုလုပ်ပါက ပြုလုပ်သူနှင့်ပါဝင်ပတ်သက်သူတို့အပေါ် တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်တင်ဇာလင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၂၉)**

**တိုက်(၆)၊ အခန်း-၂၂၊ အောင်မြင့်မိုရ်လမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

**ဖုန်း-၀၉-၄၀၁၅၈၀၄၀၃၊ ၀၉-၇၇၇၂၁၉၀၈၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ မင်္ဂလာသီရိလမ်း၊ အမှတ် (၇၁)ဟုခေါ်တွင်သည့် (၂)ခန်းတွဲ (၃ ½)ထပ်တိုက် ဒါဘာအပါအဆောက်အဦ၏ (လမ်းမဘက်မှကြည့်လျှင်ဘယ်ဘက်ခြမ်း)၊ (၁၂ ½ ပေ x ၅၀ပေ) အကျယ်အဝန်းရှိ ပထမထပ်(A)/၂လွှာတိုက်ခန်းနှင့် လျှပ်စစ်မီတာ/ရေမော်တာအပါအဝင် တိုက်ခန်းအတွင်း တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိတစ်ဦးတည်းသာပိုင်ဆိုင်ကြောင်း၊ အမွေဆိုင် အပေါင်အနှံအရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မိုးမဉ္ဇူသင်း [၁၂/ဗတထ(နိုင်)၀၀၁၀၂၇]က ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်လှဲ့လှဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၂)**

**အမှတ်-၁၆၇ (မြေညီထပ်)၊ ၃၈-လမ်း (အလယ်)၊ ၆-ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း - ၀၉-၅၁၄၃၂၃၂၊ ၀၉-၇၉၉၅၉၅၅၀၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၁/၂) ရပ်ကွက်၊ ရတနာလမ်း၊ ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ၊ တိုက်အမှတ်(5A)၊ (၀၇)ထပ်၊ အခန်းအမှတ်(၀၇၀၁)၊ အကျယ်အဝန်း (၆၀၀)စတုရန်းပေရှိ တိုက်ခန်းတစ်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးမျိုးမြင့်ဟိန်း (၁၀/မလမ(နိုင်)၂၃၅၉၈၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆုဆုမွန် (၁၂/ဥကမ(နိုင်)၁၆၉၄၇၆)မှ အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန် သဘောတူညီပြီးနောက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်၊ သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက တည်ဆဲ ဥပဒေ များနှင့်အညီ အရောင်းအဝယ် ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်၊

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ကေကျော်ကိုကို (LLB)**

**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၈၇၇၀)**

**အမှတ်(၂၈)၊ ဓမ္မဒါနလမ်း၊ မလွှကုန်းဒွေးကြွယ်(က)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉ ၇၇၃၄၆၀၅၄၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၆၀/ခ)၊ မြေအကျယ်အဝန်း(အလျား ၂၀ပေ x အနံ ၆၀ပေ) ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်အရပ်အားလုံးတို့အား ဂရန်အမည်ပေါက် ဒေါ်ပါပါးသီးထံမှ အရပ်ကတိစာချုပ်ဖြင့် တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ၁။ ဦးမောင်မြင့် [၁၂/ဒလန(ပြု)၀၀၀၀၃၃]၊ ၂။ ဦးသန်းအောင်[၁၂/ဒလန(ပြု)၀၀၁၉၁၉]၊ ၃။ ဒေါ်ချေဆူးမေရီ ၄။ ဒေါ်ရန်ဂျီသွန်၊ ၅။ ဦးဒေးဗစ်[၁၂/ဥကမ(နိုင်)၁၇၀၉၉၉]တို့ထံသို့ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော နဲမလာ(ခ)ဒေါ်ဒေစီ [၁၂/လမတ(ပြု)၀၀၀၁၁၇]နှင့် MARYSWARN (ခ)ဒေါ်ဘေဘီ[၁၂/လမတ(ပြု)၀၀၀၁၁၆]တို့က အပြီးအပိုင်ဝယ်ယူရန် မြေကွက်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အထက်ပါမြေနှင့် အိမ်အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**နဲမလာ(ခ)ဒေါ်ဒေစီနှင့် MARYSWARN(ခ)ဒေါ်ဘေဘီတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မြတ်စုမိုး (LL.B, D.B.L) အထက်တန်းရှေ့နေ (စဉ်-၄၉၅၈၀)**

**အမှတ်(12-N)ဂရုဏာလမ်း၊ ရွှေနှင်းဆီရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။ Ph:09-254442289**

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊ နည်းဥပဒေ ၂၂)**

**ကျောက်တံတားခရိုင်တရားရုံး**

**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၇ နှင့် ဆက်နွယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၉၂**

| | | |
|---|---|---|
| ဒေါ်ဖြူပြာ (ကွယ်လွန်သူ ဦးဇော်ဝင်း၏ တရားဝင်ကိုယ်စားလှယ်) | နှင့် | ဦးမြင့်လွင်သန်း |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

အမှတ်-(၅၁၄/၅၁၈)၊ အခန်းအမှတ် (2-A)၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ (၆)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ တရားရှုံး-ဦးမြင့်လွင်သန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၇ တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၈ ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်) နံနက် (၁၀:၃၀) နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဖြူဖြူဝင်း)**

**ဒုတိယခရိုင်တရားသူကြီး(၂)**

**ကျောက်တံတားခရိုင်တရားရုံး**

## "စူရ်တီစွန္နီအိ(ဒ်)ဂါဟ် (အလုံ-ရန်ကုန်) ကွင်း၌ ဝါကျွတ်အိ(ဒ်)နမားဇ်ဖတ်သည့် အစီအစဉ်ကြော်ငြာခြင်း"

**အင်န်ရှာအလ္လာဟ်**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ယခုနှစ် ဟစ်ဂျ်ရီ (၁၄၄၆)ခုနှစ်၊ (ခရစ်နှစ် ၂၀၂၅ ခုနှစ်) ၏ အိဒ္ဒုလ်ဖီသစ်ရ်ဝါကျွတ်အိ(ဒ်)နမားဇ်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်-

**ကျင်းပမည့်နေ့ရက်** ။ ။ အိဒ္ဒုလ်ဖီသစ်ရ်ဝါကျွတ်အိ(ဒ်)နေ့

**အိ(ဒ်)နမားဇ်အချိန်** ။ ။ နံနက်(၆:၃၀)နာရီ

**မှတ်ချက်**

အိ(ဒ်)နမားဇ်ဖတ်ရန်လာရောက်ကြမည့်သူများသည်

၁။ မိမိတို့အစီအစဉ်ဖြင့် အခင်း(မူစလ္လာ)များ ယူဆောင်လာခြင်း

၂။ ကိုဗစ်(၁၉)စည်းကမ်းနှင့်အညီ Marks တပ်ဆင်ခြင်း

၃။ မိမိတို့ကားများအား စနစ်တကျ ရပ်နားစေခြင်း

၄။ ငြိမ်းချမ်းစွာ စုပေါင်းဝတ်ပြုခြင်းတို့ဖြင့် ကုသိုလ်ဆဝါဒ် ရယူပါဝင်ကြပါရန် လေးစားစွာ မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

**TRUSTEE**

**"စူရ်တီစွန်နီအိ(ဒ်)ဂါဟ် (အလုံ-ရန်ကုန်)**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ရန်ကုန်တိုင်း ဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ သုခုမလမ်း၊ အမှတ်(၃၃) နေ မောင်ဇော်မြင့်ထွန်း၏ ဖခင် ဦးဇော်ဝင်း(ခ) ရာဒါဘာချီသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်စန်းစန်းမော် [၁၂/ကမတ(နိုင်)၀၁၁၄၂၁] ပိုင်ဆိုင်သော ထွန်းလင်းအောင်-၉၊ ထွန်းလင်းအောင်-၁၆၊ ထွန်းလင်းအောင်-၂၄ တို့၏ AIS Certificate လက်မှတ်မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၃၅၁၁၉၈၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၇)၊ လူနေရပ်ကွက် အမှတ်-၊ မြေကွက်အမှတ် (၄၈)၊ မြေအကျယ်အဝန်း (အလျား၄၀xအနံ၆၀)ပေ၊ (၀. ၀၅၅)ဧကရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ခင်ထွေး [၁၀/ကမရ(နိုင်)၀၁၆၈၅၇] အမည်ပေါက်လျက်ရှိသော နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်ဖြစ်သူ ဒေါ်ခင်ထွေးထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရဲထွဋ်အောင် [၁၂/စခန(နိုင်)၀၆၃၄၀၀]က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းနှင့်တကွ ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

**ဒေါ်ဇင်မာမင်း LL.B, D.B.L, D.I.L**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၆၅၁)**

**အမှတ် (၁၁၇)၊ ၄-လွှာ၊ အောင်မင်္ဂလာပတ်လမ်း ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်။**

**ဖုန်း - ၀၉-၄၂၀၀၃၁၃၅၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း (Star City) ဇုန်အတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာ၊ဇုန်(အေ)၊ တိုက်အမှတ် (အေ- ၄)၊ အခန်းအမှတ် (၁၂၁၇)၊ တိုက်ခန်းအမျိုးအစား (4-Bedroom/Duplex)၊ Area (1752) sqft ရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးသက်နိုင်[၉/မမန(နိုင်)၀၇၇၁၁၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မြင့်မြင့်ငွေး LL.B.,LL.M., WIPO (Switzerland) တရားလွှတ်တော်ရှေ့နေ (စဉ် -၁၀၄၇၉)**

**အမှတ် (၁၃၈) (မြေညီ)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း - ၀၉-၄၃၀၆၃၅၅၆၊ ၀၉-၇၈၄၈၄၈၄၇၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၃)၊ မြေကွက်အမှတ် (၁၁၈၅)၊ ဧရိယာ (အလျား ၄၀ ပေ x အနံ ၆၀ ပေ)ရှိ ဒေါ်သောင်းတင်အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပါမစ်မူရင်းနှင့်တကွ ရောင်းချသူက အမည်ပေါက်နှင့်ချုပ်ဆိုထားသည့် အရောင်းအဝယ်စာချုပ်မူရင်းပါဝင်သည့် မြေကွက်ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဦးအောင်မျိုးဝင်း [၈/စလန(နိုင်)၁၂၂၀၇၂] ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးနိုင်ထွန်း [၁၂/ဥကမ(နိုင်)၂၀၅၅၂၂] နှင့် ဒေါ်သိမ့်သဉ္ဇာလှိုင် [၁၂/ဒပန(နိုင်)၀၄၉၂၉၉]တို့က စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း တင်ပြကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့် ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးသည်နှင့် အရောင်းအဝယ်ကို တရားဝင် ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးနိုင်ထွန်းနှင့် ဒေါ်သိမ့်သဉ္ဇာလှိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်လှသီ B.A(Law),LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၆)**

**ဖုန်း-၀၉-၄၃၀၇၂၄၄၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃၂/ဘီ)၊ လူနေရပ်ကွက်အမှတ် (ပုလဲ-၃)၊ ခိုင်သဇင်လမ်း၊ မြေကွက်အမှတ် (၅၈၉) ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးအောင်ကျော်လှိုင်အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၆၀ x၆၀) ပေ၊ ဧရိယာ (၀.၀၈၃) ဧက၊ (၃၆၀၀) စတုရန်းပေရှိ နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် ရေမီးစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးအောင်ကျော်လှိုင် [၁၁/စတန(နိုင်)၀၀၀၅၅၀]ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**

**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- ၈၄၊ မြေကွက်အမှတ်- ၂၁၉၊ ဧရိယာ (၀.၀၅၅)ဧကရှိ ဦးသီဟနိုင် [၁၃/ပဆတ(နိုင်)၀၀၁၁၀၆] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်နှင့် တစ်ဆက်တည်းဖြစ်သော မြေကွက်အမှတ်- ၂၂၀၊ ဧရိယာ- (၀.၀၅၅) ဧကရှိ ဦးသီဟနိုင် [၁၃/ပဆတ(နိုင်)၀၀၁၁၀၆]အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်တို့အား အရပ်ကတိအရောင်းအဝယ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အဆိုပါ မြေကွက် (၂)ကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများကို ပြသဝန်ခံသူ ဦးမောင်မောင်သန်း [၁၂/လမတ(ဧည့်)၀၀၀၅၃၁]က အပြီးအပိုင်လွှဲပြောင်း ရောင်းချလိုကြောင်း ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်အကြောင်းရှိခဲ့ပါလျှင် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၇၀၃)**
**ရုံးခန်း (၅) ၊ ပထမထပ် Strand Condominium ၊ အမှတ် (၃၃/၄၉) ၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၅၀၀၃၉၂၁၀၊ ၀၉-၅၀၃၄၆၅**

## ကန်ထရိုက်တာ ဦးမျိုးလွင်(ခ)ဦးမျိုးလွင်ဟိန်း [၁၂/မဂတ(နိုင်)၀၁၁၁၀၆] (ယခုနေရပ်လိပ်စာမသိ) သိရှိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀(တောင်)ရပ်ကွက်၊ ခိုင်ရွှေဝါ(၁)လမ်း၊ အမှတ် ၁၁၅၆ နေ ဦးခင်မောင်စိုး၏ လွှဲအပ်ညွှန်ကြားချက်အရ လူကြီးမင်းအား အောက်ပါအတိုင်း အသိပေးအကြောင်းကြားအပ်သည်မှာ-

လူကြီးမင်းနှင့် ကျွန်ုပ်တို့၏မိတ်ဆွေသည် ကျွန်ုပ်၏မိတ်ဆွေ အမွေထိန်းစာရရှိသောမြေပေါ်တွင် ကန်ထရိုက်တိုက်ဆောက်လုပ်ရန်အတွက် ၂-၂-၂၀၀၈ နေ့တွင် "အခန်းပေးအခန်းယူ ကန်ထရိုက်စနစ်ဖြင့် တိုက်အိမ်သစ်ဆောက်လုပ်ရန် လုပ်ငန်းအပ်နှံခြင်း"စာချုပ် ချုပ်ဆိုခဲ့ကြပါသည်။

ယင်းသို့ ချုပ်ဆိုပြီးနောက်ပိုင်း အကြောင်းအမျိုးမျိုးကြောင့် ကန်ထရိုက်တိုက်ဆောက်လုပ်နိုင်ခြင်းမရှိခဲ့သဖြင့် ၆-၁-၂၀၁၀ ရက်နေ့တွင် "အခန်းပေး-အခန်းယူကန်ထရိုက်စနစ်ဖြင့် တိုက်အိမ်သစ်ဆောက်လုပ်ရေး လုပ်ငန်းကို အခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် သတ်မှတ်စီမံမှု စာချုပ်" ထပ်မံချုပ်ဆိုခဲ့ကြပါသည်။

အဆိုပါမြေပေါ်ရှိ အိမ်များအားလုံး ဖယ်ရှားရှင်းလင်းပြီးချိန်တွင် ကျွန်ုပ်တို့၏မိတ်ဆွေက လူကြီးမင်းထံသို့ဆက်သွယ်၍ လုပ်ငန်းကိစ္စများအတွက် လာရောက်တွေ့ဆုံရန် အကြောင်းကြားခဲ့ရာ လူကြီးမင်းက လုပ်ငန်းများမပြီးပြတ်သေး၍ မလာရောက်နိုင် သေးကြောင်း အကြောင်းပြန်ကြားခဲ့သည်ဟု ကျွန်ုပ်၏မိတ်ဆွေ ညွှန်ကြားချက်အရသိရှိရပါသည်။ ထို့နောက် မြေဂရန်ထွက်ရှိရေးကိစ္စ ဆောင်ရွက်ရန် အတွက် ကျွန်ုပ်၏မိတ်ဆွေက လူကြီးမင်းထံ ထပ်မံဖုန်းဆက်အကြောင်းကြားခဲ့သော်လည်း လူကြီးမင်းသည် အကျိုးအကြောင်းတစ်စုံတစ်ရာ ပြန်ကြားခြင်းမရှိဟု သိရှိရပါသည်။ လများစွာစောင့်ဆိုင်းပြီးနောက် လူကြီးမင်းထံမှ ဆက်သွယ်မှု မရရှိခြင်းကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေယာဌာနသို့ မြေဂရန်ကိစ္စများအတွက် သွားရောက်ဆောင်ရွက်ခဲ့သောအခါမှ လူကြီးမင်းက ကန့်ကွက်စာပေးပို့ထားသည်ဟု သိရှိခဲ့ရပါသည်။ ယင်းနောက် လူကြီးမင်းထံသို့ ကျွန်ုပ်တို့၏မိတ်ဆွေက အကြိမ်ကြိမ် လိုက်လံဆက်သွယ်သော်လည်း ကိုယ်တိုင်ဆက်သွယ်မှုလက်မခံဘဲ လူကြီးမင်း၏ကိုယ်စား လူကြီးမင်း၏ မိတ်ဆွေတစ်ဦးထံမှသာလျှင် ဆက်သွယ်ခဲ့ပြီး ကန်ထရိုက်တိုက်သစ်စာချုပ် ချုပ်ဆိုစဉ်က လူကြီးမင်းက ကျွန်ုပ်၏မိတ်ဆွေသို့ ကြိုထုတ်ပေးထားသော ငွေ(၇,၉၅၀,၀၀၀/-)အတွက် လျော်ကြေးငွေပေးချေရန် ပြောဆိုလာခဲ့သည်ဟု သိရှိရပါသည်။

လူကြီးမင်းသည် ယခုအခါ အဆိုပါမြေနှင့်ပတ်သက်၍ ဂရန်အမည်ပေါက်ထွက်ရှိရေးကိစ္စရပ်များကို စာချုပ်ပါအတိုင်းဆောင်ရွက်ရန် တာဝန်ရှိနေသော်လည်း ယင်းကိစ္စများဆောင်ရွက်ခြင်းမပြုဘဲ လျော်ကြေးငွေတောင်းခံလာခြင်းဖြစ်သည်ဟုလည်း သိရှိရပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေအနေဖြင့် လူကြီးမင်းဘက်မှ ဆောင်ရွက်ရန်ကိစ္စများကို ဆောင်ရွက်ရမည့်အချိန်တွင် မဆောင်ရွက်ဘဲနေခြင်းကြောင့် အချိန်ကာလများစွာကြာမြင့်လာမှုအပေါ် နစ်နာဆုံးရှုံးမှုများ ဖြစ်ခဲ့ရပါသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့၏မိတ်ဆွေအနေဖြင့် လူကြီးမင်းတောင်းဆိုသည့် လျော်ကြေးငွေအတွက် လူကြီးမင်း ကိုယ်တိုင်နှင့် ညှိနှိုင်းဆောင်ရွက်လိုသဖြင့်လည်းကောင်း၊ လူကြီးမင်းနှင့် ကျွန်ုပ်တို့မိတ်ဆွေအကြား ကန်ထရိုက်တိုက်သစ် ဆောက်လုပ်ရန် သဘောတူစာချုပ်များနှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်းဖြစ်စေချင်သောဆန္ဒရှိသဖြင့်လည်းကောင်း ဤကြေညာပါရှိသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်၏မိတ်ဆွေထံသို့ ဆက်သွယ်ညှိနှိုင်းပေးရန် တောင်းဆိုအပ်ပါသည်။

အကယ်၍ သတ်မှတ်ရက်အတွင်း လူကြီးမင်းဘက်မှ ဆက်သွယ်ဆောင်ရွက်လာခြင်းမရှိပါက လူကြီးမင်းနှင့် ကျွန်ုပ်၏ မိတ်ဆွေအကြား ချုပ်ဆိုထားသော စာချုပ်များသည်လည်းကောင်း၊ ကန်ထရိုက်တိုက်သစ်ဆောက်လုပ်ရေးကိစ္စများသည်လည်းကောင်း၊ ပြီးပြတ်ပြီးဖြစ်သည်ဟု မှတ်ယူကာ ကျွန်ုပ်တို့၏မိတ်ဆွေအနေဖြင့် မိမိဆက်လက်လုပ်ဆောင်ရမည့် ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း လူကြီးမင်း သိရှိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင်စိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဝင်းသန်းစိုး(LL.B)** | **ဦးလှဝင်း** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၅၀၈၁၀/၂၆-၃-၁၉)** | **(စဉ်-၈၅၆၈)** |
| **အမှတ်(၆၀၄/ခ)၊(၄၇)ရပ်ကွက်၊** | **၃၈၊ ၃ လွှာ၊ ရေဝတီလမ်း၊** |
| **စံပယ်လမ်း၊ ရွှေပြည်သာမြို့နယ်၊** | **အလုံမြို့နယ်။** |
| **ရန်ကုန်တိုင်းဒေသကြီး။** | **Ph: 09-43095369** |
| **ဖုန်း- ၀၉-၄၅၀၂၀၅၀၉၄** | |

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅ ၊ နည်းဥပဒေ- ၁ နှင့် ၅)
## သာကေတမြို့နယ်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ် ၊ တရားမကြီးမှုအမှတ် - ၃၆

ဦးမောင်ပြည့် နှင့် ဒေါ်သေင်
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၄/တောင်)ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ် (၅၅၅/ခ) နေ ဒေါ်သေင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမောင်ပြည့်က ပဋိညာဉ်အတိုင်း အရောင်းအဝယ်ကတိစာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၄ ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်)အချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ( ၄ )ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်ကိုကို)**
**မြို့နယ်တရားသူကြီး**
**သာကေတမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/ စက်မြေ)၊ မြေကွက်အမှတ် (၁၉၃/က)၊ ဧရိယာ (၁၂၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာ- အမှတ် (၂/ ၁၉၃/က)၊ ဗိုလ်ဥတ္တမလမ်း၊ စက်မြေရပ်ကွက်၊ ဒလမြို့နယ်၊ ဦးတီဟိုး (CK-၀၁၈၅၁၅) အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(ဖခင်)နှင့် (မိခင်)ဒေါ်ထွေးစိန်တို့ ကွယ်လွန်ခဲ့ရာ ၎င်းတို့တွင် ၁။ ဦးသိန်းထူး၊ ၂။ ဦးသိန်းအေး၊ ၃။ ဒေါ်သိန်းမြင့်၊ ၄။ ဒေါ်မြအေး၊ ၅။ ဒေါ်မြင့်သိန်း၊ ၆။ ဒေါ်အုန်းမြင့်၊ ၇။ဒေါ်အေးအေးသိန်း ဟုခေါ်တွင်သော သားသမီး (၇)ဦး မွေးဖွားခဲ့သည့်အနက် သမီးအငယ်ဖြစ်သူ ဒေါ်အေးအေးသိန်းသည် အမည်ပေါက် (ဖခင်)ဦးတီဟိုး ထက်စော၍ ကွယ်လွန်ခဲ့ပြီး၎င်းတွင် ဦးထက်ဇော်နှင့် ဦးချမ်းမြေ့ဇော်ဟု သား(၂)ဦးမွေးဖွားခဲ့သဖြင့် ဦးသိန်းထူး[၁၂/ဒလန(နိုင်)၀၂၈၀၇၃]၊ ဦးသိန်းအေး [၁၂/ဒလန(နိုင်)၀၁၄၀၇၄]၊ ဒေါ်သိန်းမြင့်[၁၂/ဒလန(နိုင်)၀၁၄၀၇၇]၊ ဒေါ်မြအေး[၁၂/ဒလန(နိုင်)၀၁၄၀၇၈]၊ ဒေါ်မြင့်သိန်း [၁၂/ဒလန(နိုင်)၀၁၄၀၇၆]၊ ဒေါ်အုန်းမြင့် [၁၂/ဒလန(နိုင်)၀၃၀၄၁၄] (၆)ဦးတို့က အမည်ပေါက်၏ အမွေဆက်ခံခွင့်ရှိသော သားသမီးများတော်စပ်ကြောင်းနှင့် ဦးထက်ဇော် [၁၂/ ဒလန (နိုင်) ၀၈၀၃၃၁]၊ ဦးချမ်းမြေ့ဇော် [၁၂/ဒလန(နိုင်)၁၀၃၃၃၉]တို့က အမွေမမီ မြေးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေဆုံးမှုလက်မှတ်များ၊ နိုင်ငံသားစိစစ်ရေးကတ်များ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)(ကိုယ်စား)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(11-K1)၊ မြေကွက်အမှတ်- V ၁၁၁၊ ဧရိယာ (၀.၀၄၁)ဧက၊ မြေကွက်တည်နေရာ အမှတ်( ၁၆)၊ ကွက်သစ်လမ်း၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ၁။ ဒေါ်ခင်ပြုံး (ဒီကေယူ-၀၆၄၇၉၁)၊ ၂။ ဦးထင်မြင့် (အင်န်ဘီအင်နန်-၁၀၄၉၇၅) အမည်ပေါက် နှစ်(၉၀) မြေငှားဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးထင်မြင့်(ခ)ဦးကျင်မြင့်(ခင်ပွန်း) ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်ဇနီးဖြစ်သူ ဒေါ်ခင်ပြုံး(ခ)ဒေါ်ပြုံးချို( ဒီကေယူ-၀၆၄၇၉၁)မှ အမည်ပေါက်တစ်ဦးဖြစ်သူ ဦးထင်မြင့်(ခ)ဦးကျင်မြင့်သည် (၆-၁၂-၂၀၂၀)ရက်နေ့တွင် ကွယ်လွန်သွားခဲ့ပြီးဖြစ်ပါကြောင်း၊ ကွယ်လွန်သူ ဦးထင်မြင့်(ခ)ဦးကျင်မြင့်တွင် တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ ဒေါ်ခင်ပြုံး(ခ)ဒေါ်ပြုံးချို တစ်ဦးတည်းသာလျှင်ရှိပါကြောင်း၊ အခြားသောဇနီးမယား တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ပါကြောင်း၊ ပူးတွဲအမည်ပေါက်သူတစ်ဦးဖြစ်သော ဦးထင်မြင့်(ခ)ဦးကျင်မြင့် ကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အနက်မှ ကွယ်လွန်သူ ဦးထင်မြင့်(ခ)ဦးကျင်မြင့်၏ ပိုင်ဆိုင်ခွင့်အစုအား ၎င်း၏တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ ဒေါ်ခင်ပြုံး(ခ)ဒေါ်ပြုံးချိုကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ လျှောက်ထားသူ အမည်ပေါက် ဒေါ်ခင်ပြုံး၏အမည်သည် မြေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ဂရန်တွင် ဒေါ်ခင်ပြုံးဟုလည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် ဒေါ်ခင်ပြုံး(ခ)ဒေါ်ပြုံးချိုဟုလည်းကောင်း အမည်(၂)မျိုး ပေါ်ပေါက်နေခြင်းနှင့်ပတ်သက်၍ လူပုဂ္ဂိုလ်အားဖြင့် တစ်ဦးတည်းဖြစ်ပါကြောင်း၊ ဂရန်မူရင်းမှာ မိမိ၏လက်ဝယ်တွင်ရှိပါကြောင်း၊ အထက်ပါမြေကွက်နှင့်ပတ်သက်၍ အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ခဲ့ပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း တရားရုံးကျမ်းကျိန်လွှာပူးတွဲ၍ (၁၀-၁-၂၀၂၅)ရက်စွဲပါ ဝင်စာ၊ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး( ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- သကမ ၁၄၊ (၁၅) ရပ်ကွက်၊ နွယ်နီလမ်း၊ မြေကွက်အမှတ်- ၇၃၉ ဟုခေါ်တွင်သော ဒေါ်စန်းစန်းမြင့်အမည်ပေါက် မြေချပါမစ်၊အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိသည့်အနက်မှ ဒေါ်နန်းသဇင်ထွန်း [၁၂/လသယ(နိုင်)၀၃၆၈၁၄] တရားဝင်လက်ရှိထားပိုင်ဆိုင်သော ခေါင်းရင်းခြမ်း၊ အကျယ်အဝန်း (၁၀ပေx ၆၀ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်(၁)လုံး၊ ရေ၊ မီးစုံ အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်ရပ်ရပ်အားလုံးတို့အား ဒေါ်နန်းသဇင်ထွန်းမှ တရားဝင်ပိုင်ဆိုင်ကြောင်း၊ ဥပဒေနှင့်အညီ စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်သီတာအေးမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ် နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းလဲ့လဲ့စိုး(LL.B, DBL) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၈၅ / ၂၀၁၇)**
**အမှတ်(၉)၊ (၁)လမ်း၊ ပလရ ရပ်ကွက်၊ ဝါယာလက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၉၉၉၆၅၆၈၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်(၂၂)၊ လူနေရပ်ကွက်အမှတ်(ရွှေပေါက်ကံမြို့သစ်)၊ အနော်ရထာ(၂)လမ်း၊ မြေကွက်အမှတ်-(၄၅)ဟု ခေါ်တွင်သော အကျယ်အဝန်း (၆၀'x၈၀')၊ ဧရိယာ(၀.၁၁၀)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိတရားဝင် ရောင်းချခွင့်ရှိပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း ကတိပြုရောင်းချသူ ဦးကျော်ညွန့် [၉/မထလ(နိုင်)၀၆၈၀၁၄]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်မာသောပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဇင်အေး LL.B, DBL, DIL, DIR**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၃၂)**
**အမှတ်(၁၅၉၅)၊ ဖိုးရာဇာ(၃)လမ်း၊ (၄၃)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၅၁၃၇၈၀၀၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၆၊ မြေကွက်အမှတ် (၃၅၉)၊ အကျယ်အဝန်း ဧရိယာ (၀.၀၅၅)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ်ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၆)ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ်(၃၅၉) ဟုခေါ်တွင်သော မြေကွက်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အားရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးကြည်စိုးအမည်ဖြင့် အမည်ပေါက်ထားပြီး အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်ဝယ်ယူထားကာ ပြန်လည်လွှဲပြောင်းရောင်းချသူ ဦးရဲနောင် [၁၂/ဥကတ(နိုင်)၁၁၀၉၅၂၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်မြလှဲ့ဝင်း(L.L.B)** | **ဒေါ်အေးအေးသိန်း(B.A, PGDL)** | **ဒေါ်စန်းမြသက်(B.Sc, PGDL)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၁၂)** | **အထက်တန်းရှေ့နေ (စဉ်-၅၆၅၆၆)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၅)** |

**အမှတ်-၄၆၈၊ အောင်မြေသာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph- ၀၉-၅၀၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃၊ ၀၉-၈၉၉ ၂၉၉ ၂၅၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅၆)ရပ်ကွက်၊ ပတ္တမြားလမ်းသွယ်ရှိ မြေကွက်အမှတ်(၅၀၆)၊ အလျားxအနံ (၄၀x၆၀)ပေ၊ (၂၄၀၀)စတုရန်းပေ မြေကွက်သည် ဦးမြခင် [၁၂/သဃက(နိုင်) ၀၆၉၆၉၉] အမည်ပေါက် ပါမစ်မြေဖြစ်ပြီး ထိုမြေအတွင်းမှ အမှတ်(၅၀၇)နှင့် ကပ်လျက်ဘက်ခြမ်း၊ အလျားxအနံ (၂၀x၆၀)ပေ၊ (၁၂၀၀)စတုရန်းပေ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦ ရေ၊ မီးအပါအဝင်ကို အရောင်းအဝယ်စာချုပ် အဆက်ဆက်ဖြင့်ဝယ်ယူ၍ လက်ရှိထားနေထိုင်လျက်ရှိသူ ဒေါ်နီနီရွှေ [၁၂/ဥကတ(နိုင်) ၀၃၄၈၄၁] ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်မာချို [၁၂/ဥကတ(နိုင်) ၁၄၃၆၇၆]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်ရန်ရှိပါက မည်သူမဆို (၁၀-၄-၂၀၂၅)ရက်နေ့ နောက်ဆုံးထား ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းထွန်းဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၃၈)**
**(ရုံးခန်း)အမှတ်(၀၇/၉၄/မဥ)၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံးအနီး၊**
**(နွယ်သာကီလမ်းထိပ်)၊ ခေမာသီလမ်းမကြီး၊ (ဆ)ရပ်ကွက်၊ မ/ဥ။ ဖုန်း- ၀၉-၄၂၀၁၅၉၂၇၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်- ၇၆၃/ခ၊ မြေကွက်တည်နေရာအမှတ်- (၇၆၃/ခ)၊ စာဂ (၁၈)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ဂျင်ဘာသင် [၁၂/ဥကတ(နိုင်)၁၅၆၅၅၆] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်အမည်ပေါက် ဒေါ်ဂျင်ဘာသင် (မိခင်)နှင့် ဦးဝင်းလှိုင်(ဖခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်သက်သက်လှိုင် [၁၂/ဒဂန(နိုင်)၀၀၀၅၆၉]မှ သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ ဂရန်၊ နိုင်/ကတ်များ၊ ထိုင်းနိုင်ငံသေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၈၊ မြေကွက်အမှတ်- ၂၀၇၊ ဧရိယာ (၀.၀၅၅) ဧက၊ မြေကွက် တည်နေရာ အမှတ်(၂၀၇)၊ စိန်ရတနာလမ်း၊ (၂၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဒေါ်ကြည်ကြည်ခင် (ISN-၂၀၀၁၁၂) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား ဂရန်မြေအမည်ပေါက် ဒေါ်ကြည်ကြည်ခင် (ISN-၂၀၀၁၁၂)မှ ပိုင်ဆိုင်ပြီး ဖခင်ဖြစ်သူ ဦးသန်းတင် [၁၂/အလန(နိုင်) ၀၁၄၈၈၆]သည် (၁၃-၁၁-၂၀)ရက်နေ့တွင်လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်ကြည်ကြည်ခင်သည် (၁၁-၁၀-၂၄)ရက်နေ့တွင် လည်းကောင်း ကွယ်လွန်သွားပါသဖြင့် သား၊ သမီးများဖြစ်ကြသော ဦးဆန်းထွန်းဦး [၁၂/အလန(နိုင်)၀၁၄၈၉၁]၊ ဦးကျော်ကျော်သန်း [၁၂/အလန (နိုင်) ၀၁၄၈၅၄]၊ ဒေါ်နီလာသန်း [၁၂/အလန (နိုင်) ၀၁၄၈၈၄]၊ ဒေါ်မိုးသီတာ(ခ) ဒေါ်မိုးမိုးသန်း [၁၂/အလန (နိုင်) ၀၁၄၈၇၂]တို့မှ ဂရန်မူရင်း၊ မိခင်၊ ဖခင်သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ မိဘများ ကွယ်လွန်ချိန်တွင် တရားဝင် ဆက်ခံသူများအဖြစ် ၎င်းတို့ကသာလျှင် ကျန်ရှိပြီး မိခင်၊ ဖခင်တို့တွင် အခြားဇနီး၊ ခင်ပွန်းနှင့် အမွေစားအမွေခံ ကိတ္တိမသားသမီးများ လုံးဝမရှိပါ။ မိဘများ ကွယ်လွန်ချိန်တွင် မိခင် အမည်ပေါက်ပိုင်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြန်မာ့ဓလေ့ထုံးထမ်းဥပဒေနှင့်အညီ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း မင်္ဂလာတောင်ညွှန့်မြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်- ၇၈၁/၂၀၂၄ (၂၃-၁၂-၂၀၂၄)၊ အသိသက်သေ (၂)ဦး၏ ထပ်ဆင့်ကျမ်းကျိန်လွှာ (၂)စောင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အသီးသီးတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံရာဇဝင် လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**သွေးသည် အသက်**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ နတ်လမ်း ဒါယကာကြီး

# ဦးသန်းထိုက်

## အသက်(၆၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးသီဟထွန်း-ဒေါ်ဖြူဖြူသင်း၊ ဦးထွန်းထွန်းဦး-ဒေါ်ဇင်ဇင်ထွန်း၊ ဦးကျော်စွာထွန်း - ဒေါ်ခင်လေးသန့်၊ ဒေါ်သူဇာဖူးဇင်၊ လှိုင်သာယာမြို့နယ်နေ ဦးအောင်ကိုနိုင်၊ ဦးမောင်မောင်-(ဒေါ်ချောစု)၊ ဦးပြုံးမောင်မောင်၊ ဦးသိန်းလွင်-ဒေါ်စုမွန်အောင်၊ ဒေါ်ထူးမွန်အောင်၊ ဒေါ်သက်သက်ထွန်းတို့၏ ဦးလေး၊ ဒေါ်သက်သက်သူ၊ ဦးစန်းယုမင်း-ဒေါ်ပန်းအိဖြူတို့၏ ဖခင်၊ ဒေါ်စန်းစန်းဆင့်(ခ)ဒေါ်တူးမာ၏ ချစ်လှစွာသောခင်ပွန်းသည် ၂၅-၃-၂၀၂၅ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၄၀ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၂၅ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အေးအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား ညှိုးငယ်စွာဖြင့် အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ နတ်လမ်း ဒါယကာကြီး

# ဦးသန်းထိုက်

## အသက်(၆၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် (၄၈၈/ဘီ)၊ ကမ်းနားလမ်း၊ သီတာရပ်ကွက်နေ (ဦးပေါ-ဒေါ်ကြည်အေး)တို့၏သား၊ မန္တလေးမြို့နေ (ဦးစိန်မောင်း-ဒေါ်ခင်ထား)တို့၏ သားသမက်၊ (ဦးသန်းထွန်းအောင်)-ဒေါ်ကြည်သန်း၊ (ဦးထွန်းလှအောင်)-ဒေါ်စုစု၊ ဒေါ်ခင်စိုးမြင့်၊ ဦးစစ်အောင်-ဒေါ်ပြုံးပြုံးကြည်၊ မန္တလေးမြို့၊ (၆၂/B)နေ (ဦးဗိုလ်ဗိုလ်လွင်)-ဒေါ်စန်းစန်းမြင့်တို့၏ ညီ/မောင်၊ (ဦးစိုးမင်းအောင်)၊ ဒေါ်အေးအေးမြင့်၊ မန္တလေးမြို့၊ စိန်ပန်းနေပူရွာနေ (ဦးကျော်ကျော်)-ဒေါ်မမကြီးတို့၏ အစ်ကို၊ ဦးသီဟထွန်း-ဒေါ်ဖြူဖြူသင်း၊ ဦးထွန်းထွန်းဦး-ဒေါ်ဇင်ဇင်ထွန်း၊ ဦးကျော်စွာထွန်း-ဒေါ်ခင်လေးသန့်၊ ဒေါ်သူဇာဖူးဇင်၊ တူ/တူမ ခြောက်ယောက်တို့၏ ဦးလေး၊ ဒေါ်သက်သက်သူ၊ ဦးစန်းယုမင်း-ဒေါ်ပန်းအိဖြူတို့၏ ဖခင်၊ ဒေါ်စန်းစန်းဆင့်(ခ)ဒေါ်တူးမာ၏ ချစ်လှစွာသောခင်ပွန်းသည် ၂၅-၃-၂၀၂၅ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၄၀ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၂၅ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အေးအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၃-၂၀၂၅ (တနင်္လာနေ့)တွင် သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းဆက်ကပ်လှူဒါန်း အမျှအတန်းပေးဝေလိုပါသောကြောင့် အထက်ပါနေအိမ်သို့ ကြွရောက်ကြပါရန် ကျန်ရစ်သူမိသားစုမှ ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ပတ်စ်ပို့ပျောက်**

(ဘ) ဦးတင်အောင်၏သား မောင်ချမ်းမြေ့အောင် [၅/မရန (နိုင်) ၃၃၇၉၇၅]၏ နိုင်ငံကူးလက်မှတ် နံပါတ်(မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၇၁၈၃၃၈**

**ပျောက်ဆုံးကြောင်း**

(ဘ) ဦးမောင်စိုး၏ သားဇော်လင်းဦး [၁၂/မဂတ (နိုင်) ၀၃၇၆၆၅] ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၁၀၈၆၇၉**

**ပြင်ဆင်ဖတ်ရှုပါရန်**

၁၃-၃-၂၀၂၅ရက်နေ့ကြေးမုံ သတင်းစာ၏စာမျက်နှာကြော်ငြာ (၂၇)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၁)ဒေါ်နုနုအောင်၏အမည်ပြောင်းတွင်မြေကွက်လိပ်စာ-၆၉၁/က၊ဗြဟ္မစိုရ်လမ်း၊(၄)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်ဟုအမှန်ဖတ်ရှုပါရန်။

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး**

# ဂုဏ်ထူးဆောင်နာယကကြီး ဦးဘရှန်

**(ကျောက္ကာ/ပုလော/မြိတ်)**

**သက်ကြီးကန်တော့ခံပုဂ္ဂိုလ်**

## အသက် (၉၁)နှစ်

ရန်ကုန်မြို့၊ အမှတ် (၆၉/၇၁)၊ လမ်းသစ်လမ်း၊ လမ်းမတော်မြို့နယ်နေ (ဦးမကပ်-ဒေါ်မဂွန်း)တို့၏သား၊ (ဒေါ်တင်ရီ)၏ ချစ်လှစွာသောခင်ပွန်း၊ ပုလောမြို့နယ်အသင်း(ရန်ကုန်)တွင် ဒုတိယဥက္ကဋ္ဌ၊ အကြံပေးနာယက၊ ဂုဏ်ထူးဆောင်နာယကကြီးအဖြစ် နှစ်ပေါင်းများစွာထမ်းဆောင်ခဲ့သော ဦးဘရှန်သည် ၂၄-၃-၂၀၂၅ (တနင်္လာနေ့) နံနက် ၈:၃၃ နာရီတွင် ဘန်ကောက်မြို့၊ Bumrungardဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် သားသမီးမြေးများနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**နာယက ဦးစိန်သက်၊ ဦးတင်လှ၊ ဥက္ကဋ္ဌ ဦးမောင်လှ၊ ဒု-ဥက္ကဋ္ဌ ဦးမြင့်လွင်**
**အထွေထွေအတွင်းရေးမှူး ဦးအေးကို၊ အတွင်းရေးမှူး ဦးကျော်ရွှေ၊ အမှုဆောင် ဦးသန့်ဇင်**
**ပုလောမြို့နယ်အသင်း(ရန်ကုန်) ကျောက္ကာကျေးရွာသား အမှုဆောင်များ**

---

# ဦးမျိုးလှိုင်

**ဘူမိဗေဒအရာရှိ(ငြိမ်း)**

**ဘဂရ**

## အသက်(၇၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ (၁၄၆)လမ်း၊ အရှိုးကုန်းရပ်ကွက်၊ အမှတ်(၁၃)နေ (ဦးမောင်ကြည်-ဒေါ်တင်တင်)တို့၏ သား၊ ဒေါ်သန်းသန်းတင့်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဟိန်းနေဝင်း-မမြကြာပွင့်၊ ကိုကျော်သန့်စင်-မဇာခြည်ပွင့်၊ ကိုနေမျိုး-မသင်းသင်းသူ၊ ကိုထက်ဝေအောင်-မအိသဉ္ဇာတို့၏ ချစ်လှစွာသောဖခင်၊ မြေး လေးယောက်၊ မြစ် နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၆-၃-၂၀၂၅ ရက် နံနက် ၈:၄၉ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၈-၃-၂၀၂၅ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား ဝမ်းနည်းစွာ အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌ အိပ်ပျော်ခြင်း

# ဦးစောဝါးလယ်

## အသက် (၇၃) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ ဦးကျော်ဒွန်းဇံလမ်း၊ အမှတ် (၁၈)နေ [စောဇီးနပ်(စ်)တာမလာ-နော်လှရင်]တို့၏ သား၊ (ဦးလှရွှေ - ဒေါ်ရင်ခွမ်း)တို့၏ သားသမက်၊ ဒေါ်ညိမ်းညိမ်းဝင်း-စောဒိုဝါး၊ ဒေါ်လှဲ့လှဲ့ဝင်း-စောလောလ(USA)၊ စောမျိုးဟိန်းဝင်း (USA)၊ ဒေါ်ချောချောဝင်း-ဦးဇော်ထွဋ်အောင်တို့၏ ဖခင်၊ စောရှလုံးဒို၊ နော်အယ်မာဝင်း၊ Abigail Tamala Lorla၊ Grace Lily Lorla၊ သုကောင်းကင်၊ သုကောင်းမြတ်သာတို့၏ အဘိုး၊ ဒေါ်လှဝင်း၏ ချစ်လှစွာသောခင်ပွန်း ဦးစောဝါးလယ်သည် ၂၅-၃-၂၀၂၅ (အင်္ဂါနေ့) ည ၆:၃၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၇-၃-၂၀၂၅ (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ရွာမနှစ်ခြင်းခရစ်ယာန်အသင်းတော်၌ ဝတ်ပြုကိုးကွယ်ပြီး ထိန်ပင်ကရင်နှစ်ခြင်း ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ရန်ကုန်ကရင်နှစ်ခြင်းခရစ်ယာန်အသင်းတော်(သူငွေးကုန်း) ဘုရားကျောင်းရှေ့တွင် ကားစီစဉ်ထားပြီး ၂၇-၃-၂၀၂၅ ရက် နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(၅၄)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၁/ကံဘဲ့)၊ မြေကွက်အမှတ် (၉၉)၊ ဧရိယာ (၀.၂၂၀) ဧကရှိ ဂရန်မြေကွက်အနက်မှ မခွဲစိတ်ရသေးသော အနောက်ဘက်အခြမ်း အကျယ်အဝန်း (၂၅'× ၅၀') ရှိ မြေနှင့်နေအိမ်အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူများဟု ဝန်ခံကတိပြုသူ (၁) ဒေါ်သီတာစိုး (၁၂/ရကန(နိုင်)၀၄၉၉၄၅)၊ (၂) ဒေါ်နီလာစိုး (၁၂/မဂတ(နိုင်)၀၁၃၇၂၁)၊ (၃) ဒေါ်စန္ဒာစိုး (၁၂/ရကန(နိုင်)၀၄၉၁၁၀)၊ (၄) ဒေါ်ဝေဖြာစိုး (၁၂/မဂတ(နိုင်)၀၁၃၀၆၀)၊ (၅) ဒေါ်သော်တာစိုး (၁၂/ရကန(နိုင်)၀၄၉၁၀၉) တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဦးမျိုးသန့် (ခ) ဦးမောင်ကြီး | ဒေါ်တင်မိုးခိုင် |
| --- | --- |
| LL.B (စဉ် - ၁၀၅၇၇) | LL.B (စဉ် - ၄၂၁၆၉) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

အမှတ်(၁၂၁၂/ခ)၊ တိုးချဲ့(၂)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်။ ဖုန်း - ၀၉-၇၉၇၁၆၁၈၆၅၊ ၀၉-၇၉၅၃၈၆၄၄၇

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်စိန်(ခ)ဒေါ်အေမီကို
### အသက် (၇၉) နှစ်

မန္တလေးမြို့၊ ယူနီယံရိပ်သာနေ (ဦးခင်မောင်ကို-ဒေါ်မြသန်း) တို့၏ သမီးကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ တတိုင်းမွှေးလမ်း၊ အမှတ် ၅၀/၂ နေ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာ ဦးသိုက်စိုး၏ ဇနီး၊ ဒေါ်တင်နွယ်စိုး(ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)၊ (ဦးသီဟစိုး)-ဒေါ်ခင်သန္တာစိုး၊ ဦးဇော်မင်းဦး-ဒေါ်အေးဖြူစိုး၊ ဦးမင်းသန့်စိုးတို့၏ မိခင်ကြီး၊ ကိုအာကာစည်သူ-မသက်စုစုဇော်၊ မအေးမြမြဇော်၊ မောင်သုတဉာဏ် တို့၏ ဘွားဘွား၊ မောင်အံ့ဘုန်းအာကာ၏ ဘွားဘွားကြီး ဒေါ်မြင့်မြင့်စိန် (ခ) ဒေါ်အေမီကိုသည် ၂၆-၃-၂၀၂၅ ရက်နေ့၊ (၁၈:၃၀)နာရီတွင် နေပြည်တော်၊ အမှတ်(၂) စစ်ဆေးရုံ၊ (ခုတင် ၁၀၀၀)တွင် ကွယ်လွန်အနိစ္စရောက်သွားပါ၍ ၂၈-၃-၂၀၂၅ ရက်နေ့၊ (၁၂:၀၀) နာရီတွင် တပ်မတော်စစ်သင်္ချိုင်း၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်စိန်(ခ)ဒေါ်အေမီကို
### အသက် (၇၉) နှစ်

မန္တလေးမြို့၊ ယူနီယံရိပ်သာနေ (ဦးခင်မောင်ကို-ဒေါ်မြသန်း) တို့၏ သမီးကြီး၊ ဒုတိယ ဗိုလ်မှူးကြီး(ငြိမ်း) ခင်မောင်ဝင်း-ဒေါ်ခင်နွယ်ဖူး၊ ဒေါက်တာကြည်ဝင်း - ဒေါက်တာကြူကြူရွှေ၊ ဒေါ်နုနုယဉ်(အမြဲတမ်းအတွင်းဝန်(ငြိမ်း)ဥပဒေရေးရာဝန်ကြီးဌာန)၊ (ဦးစိန်မြင့်)-ဒေါ်ဆွေဆွေဝင်း၊ ဒေါ်ယုယုခင် (ညွှန်ကြားရေးမှူးချုပ်၊ ဥပဒေရေးရာဝန်ကြီးဌာန)တို့၏ အစ်မကြီးဖြစ်သူ ဒေါ်မြင့်မြင့်စိန် (Amy Ko) အသက် ၇၉ နှစ်သည် ၂၆-၃-၂၀၂၅ ရက်နေ့၊ ညနေ ၆:၃၀ နာရီတွင် ဘဝတစ်ပါး ကူးပြောင်းသွားပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမောင်နှမများ

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးဘရှန်(ပုလော/ကျောက္ကာ/မြိတ်)
### (ဂုဏ်ထူးဆောင်နာယကကြီး ပုလောမြို့နယ်အသင်း၊ ရန်ကုန်)
### အသက်(၉၁)နှစ်

ဦးကျော်ကျော် (ထူးထူးတိုးအပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်)၊ ရေနန်းသူဇာထရေးဒင်းကုမ္ပဏီလီမိတက်၊ ဒုဥက္ကဋ္ဌ-မြိတ်အများပိုင်ကုမ္ပဏီလီမိတက်)-ဒေါ်ချိုချိုစန်းတို့၏ ချစ်လှစွာသောဖခင် Uncle ဦးဘရှန် အသက်(၉၁)နှစ်သည် ၂၄-၃-၂၀၂၅ ရက်တွင် ဘန်ကောက်မြို့ Bumrungarand ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်ထွန်း-ဒေါ်မိမိကျော် မိသားစု**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ အမှတ်(၆၆) ရပ်ကွက်၊ အင်းဝအိမ်ရာ၊ တိုက်အမှတ်(၃၅)၊ အခန်းအမှတ်(၀၀၄) မူလအမည်ပေါက် ဦးကျော်ကျော်ထွန်း [၁၄/ဇလန(နိုင်)၀၈၃၁၅၃]ထံမှ ဦးတင်အေး [၁၂/ဗဟန(နိုင်) ၀၅၂၁၂၇]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်၊

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

### ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၄)၊ မြေကွက်အမှတ် (၁၃၂၇)၊ ဧရိယာ (၀.၀၅၆ )ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၄-ရပ်ကွက်၊ သရဖီလမ်း၊ အမှတ် (၁၃၂၇)ဟုခေါ်တွင်သည့် မြေကွက်အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါမြေကွက်အား တရားဝင် အမည်ပေါက်ပိုင်ဆိုင်ထားပြီး ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးနုအောင် [၁၂/ဒဂန (နိုင်) ၀၀၀၉၁၆] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် မြေကွက်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ယနေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အဆိုပါ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**အပိုင်ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော်(စဉ်- ၄၀၃၅) LL.B, DBL, DML, DIL, DLP**
**ဒေါ်အေးအေးစိုး (စဉ်- ၅၈၂၇) B.Sc, Hon(IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B)(စဉ်- ၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**Tel: 294766**
**HP: 09-501 7044, 09-250674940**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးခင်စန်း(ခ)ဦးငွေးလွင်
### (မြန်မာ့အလင်းပုံနှိပ်တိုက်-ငြိမ်း)
### အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ အနောက်ခမတ်ကျေးရွာနေ (ဦးဖိုးစိန်-ဒေါ်ချိန်)တို့၏သား၊ (ဦးလှအောင်-ဒေါ်တင်ရွှေ)တို့၏ သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ရွှေသွေးလမ်း၊ အမှတ်(၅၀၆)နေ ဒေါ်တင်ဥ၏ခင်ပွန်း၊ ဦးခိုင်လွင်(မြန်မာ့အလင်းသတင်းစာတိုက်)-ဒေါ်နွယ်နွယ်လွင်၊ ဦးမြင့်သိန်း-ဒေါ်လဲ့လဲ့လွင်၊ ဦးမျိုးလွင် (ကြေးမုံသတင်းစာတိုက်)-ဒေါ်ခင်သန်းဆင့်၊ ဒေါ်ခင်လေးလွင်(ကြေးမုံသတင်းစာတိုက်)၊ ဦးမိုးသူလွင်(မြန်မာ့အလင်းသတင်းစာတိုက်)-ဒေါ်သီတာဝင်း၊ ဒေါ်ယယ်ယယ်လွင် (သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ရုံးချုပ်)တို့၏ဖခင်၊ မြေး မြောက်ယောက်တို့၏ အဘိုးဖြစ်သူ ဦးခင်စန်း(ခ)ဦးငွေးလွင်သည် ၂၅-၃-၂၀၂၅ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၂၅ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၇:၃၀ နာရီတွင် ထွက်ပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၃၀-၃-၂၀၂၅ရက်(တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဦးလွန်းဝေ
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကျန်းမာရေးဦးစီးဌာန
### ပြည်သူ့ကျန်းမာရေးရှေ့ဆောင်လမ်းပြသူ
### အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ အမှတ် (၂၇/A1)၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ (ဒေါက်တာခင်မာမာ)၏ ခင်ပွန်း ဒေါက်တာ ဦးလွန်းဝေ (ညွှန်ကြားရေးမှူး-ငြိမ်း၊ ကျန်းမာရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေး ရှေ့ဆောင်လမ်းပြသူ)သည် ၂၅-၃-၂၀၂၅ (အင်္ဂါနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့**
**ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း**
**ရန်ကုန်မြို့**

## ဒေါ်တင်ဦး
### (သူနာပြုဆရာမကြီး-ငြိမ်း)
### အသက်(၉၀)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးထွန်း-ဒေါ်မြခင်)တို့၏ သမီး၊ (ဦးဖေ-ဒေါ်စောခင်)တို့၏ သမီးချွေးမ၊ ဦးမြင့်ဆွေ-ဒေါ်ချိုချိုအောင်၊ ဦးဉာဏ်ထွန်းအောင်-ဒေါ်မြတ်သီတာ၊ (ဒုရဲမှူးကြီးကျော်ဇံ)-ဒေါ်သီတာအောင်၊ ဒေါ်ခိုင်သဇင်အောင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မလွင်လွင်အောင်၊ ကိုတေဇာမြင့်-မထူးတင့်ဝေ၊ မောင်ရဲမြတ်မောင်-မဖြိုးလဲ့သူ၊ မောင်လူပီတိအောင်(ကမာရွတ် TTC)တို့၏ အဘွား၊ မစုသဒ္ဒါထက်၏ ဘွားဘွားကြီး၊ [ဦးစိန်ထွန်းအောင် (သတင်းစာဆရာကြီး)]၏ ဇနီးဖြစ်သူ ဒေါ်တင်ဦး(သူနာပြုဆရာမကြီး-ငြိမ်း)သည် ၂၆-၃-၂၀၂၅ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၀၅ နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒနှင့်အညီ ယင်းနေ့ညနေ ၄:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသာစု

## ဒေါ်မြင့်မြင့်သန်း(ခ) အေးအေး
### နိုင်ငံခြားရေးဝန်ကြီးဌာန(ငြိမ်း)
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅၁)လမ်း၊ အမှတ်(၁၆၈)နေ (ဦးလှမောင်-ဒေါ်မြမြ)တို့၏ သမီး၊ (ဦးမျိုးမော်)၏ဇနီး၊ (ဦးတင်ဝင်း)-ဒေါ်တင်တင်စိန်တို့၏ ညီမသည် ၂၅-၃-၂၀၂၅ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၇-၃-၂၀၂၅ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်၍ ဆွေမျိုးမိတ်သဟာများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ City Loft West အိမ်ရာစီမံကိန်းအတွင်းရှိ City Lot West၊ တိုက်အမှတ် (Tower 1)၊ တိုက်ခန်းအမှတ် (T1-1004)၊ တိုက်ခန်းအမျိုးအစား (2.Bedroom)၊ အကျယ်အဝန်း ခန့်မှန်းစတုရန်းပေ (၇၅၀)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အားလုံးကို တရားဝင်လက်ရှိ ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ကြူကြူစိုး [၁၂/ကမရ(နိုင်)၀၀၀၄၂၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးချင်လိုင်ဝီလျှံက ဝယ်ယူမည်ဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်း(မူရင်း)များနှင့်အတူ ရုံးချိန်အတွင်း ကျွန်ုပ်ထံသို့လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇင်လင်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၄၄)**
**၀၉-၉၈၆၂၅၄၁၇၊ ၀၉-၄၀၀၄၆၂၅၁၈**

### ဘုရား ၊ ရဟန်း ၊ ကျောင်းဒါယိကာမကြီး
## ဒေါ်အဝါ (ခ) ဒေါ်ရွှေဝါ
### ရွှေဘဲစားသောက်ဆိုင်များ၏ မိခင်ကြီး
### အသက် (၉၂) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂) ရပ်ကွက်နေ (ဦးကောင်းရှူး- ဒေါ်ခင်ကြည်)တို့၏သမီး၊ (ဦးတန်ခေကွမ်)၏ ဇနီး၊ (ဦးခင်မောင်ဦး)၊ ဦးတင်မောင်သိန်း-ဒေါ်ခင်မေသန်း၊ ဦးဇော်ဇော်အေး-ဒေါ်သန်းသန်းတို့၏ မိခင်၊ မြေး ကိုးယောက်၏ ချစ်လှစွာသောအဘွားသည် ၂၅-၃-၂၀၂၅ (အင်္ဂါနေ့) ညနေ ၆:၁၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါ၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၉-၃-၂၀၂၅ (စနေနေ့) နံနက် ၉ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၇:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်နွယ်နွယ်တင်
### အ.ထ.က(၂)၊ စမ်းချောင်း ကျောင်းသူဟောင်း
### အသက်(၄၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ပန်းတနော်လမ်း၊ အမှတ်(၃၅)၊ သုံးလွှာ(A)နေ (ဦးဘဖေ-ဒေါ်မိမိ)၊ ကျောက်တန်းမြို့နေ (ဦးမြမောင်-ဒေါ်ကြင်မြ) တို့၏ မြေး၊ [ဦးတင်လှ (မြန်မာ့အာမခံ-ငြိမ်း)]၊ ဒေါ်တင်စန်း (လ/ထ မန်နေဂျာ၊ မြန်မာ့အာမခံ-ငြိမ်း)တို့၏ ချစ်လှစွာသောသမီးကြီး၊ (ဦးဝင်းမွန်-ဒေါ်စန်းလွင်)၊ (ဒေါ်တင်အေး)တို့၏တူမ၊ ဦးသက်မွန်-ဒေါ်လဲ့ကေသီ၊ ဦးသန်းနိုင်ဦး-ဒေါ်လွင်လွင်မွန်၊ ဦးရဲမွန်-ဒေါ်ထက်ထက်ဝင်း၊ ဦးထွန်းလွင်မွန် တို့၏ညီမ၊ ဒေါ်နွယ်အေးမွန် (Naing Family Cheery Oo Co.,Ltd.)၏ ချစ်လှစွာသောအစ်မသည် ၂၆-၃-၂၀၂၅ (ဗုဒ္ဓဟူးနေ့) နံနက် ၆:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၂၅ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၄-၂၀၂၀၅ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါကြောင်း။]

ကျန်ရစ်သူမိသားစု

### ကန့်ကွက်နိုင်ပါသည်

**ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်လမ်း၊ အမှတ် (၁၂၀၈/ခ)၊ မြေအကျယ်အဝန်း (၂၀'x၆၀') ပေါ်တွင်တည်ဆောက်ထားသော (၁)ခန်းတွဲ (၆)ထပ်တိုက်၏ ဒုတိယထပ် (၃)လွှာ၊ အကျယ်အဝန်း (၁၈'x၅၄')** တိုက်ခန်း(၁)ခန်းနှင့် တိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများအားလုံးအပါအဝင် ၎င်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို နှစ်(၆၀) ဂရန်အမည်ပေါက်သူ **ဦးဇော်မင်းထွန်း [၁၂/စခန(နိုင်)၀၅၅၆၉၅]**ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ **ဒေါ်ဖြူဖြူဝင်း [၉/မမန(နိုင်)၀၀၀၁၂၈]**သည် တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အထက်ပါတိုက်ခန်းအား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်နှင်းအေးကြူ [၈/မကန(နိုင်)၁၂၅၅၂၂]**က စရန်ငွေတစ်စိတ်တစ်ဒေသကို **(၂၄-၃-၂၀၂၅)**ရက်နေ့တွင် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်နှင့် တိုက်ခန်းပိုင်ရှင်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားစာရွက်မူရင်း များကို ကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့် တိုက်ခန်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် (LLB, WIPO, Switzerand) တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၂၇၇၄)**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ ။ ဖုန်း - ၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈**

### ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ လူနေရပ်ကွက်အမှတ် [စိုက်/မွေး (၁)]၊ ရပ်ကွက်အမှတ် (၃)၊ မြေကွက်အမှတ်- (၉၂)၊ အမှတ် (၃/၃/၁၂)၊ ဆင်ဖြူရှင်လမ်း၊ အကျယ်အဝန်း (အလျား ၈၀ပေx အနံ ၁၂၀ပေ)ရှိ ဦးတင်ရွှေ (MMO-250409) အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသည့် ခြေရင်းခြမ်း (အလျား ၂၁ပေx အနံ ၁၂၀ပေ) အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကြည်ဆွေ [၁၂/လကန(နိုင်)၀၇၁၉၃၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီရိစုမြတ် (LL.B, D.B.L) အထက်တန်းရှေ့နေ (စဉ်-၂၉၁၁၅)**
**အမှတ် (၈/၅၃)၊ ကျွန်စစ်သားလမ်းသွယ်၊ စိုက်/မွေး (၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၂၁၀၀၁၂၀၇**

### "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၁)၊ ဗညားဒလလမ်း၊ မြေကွက်အမှတ် (၂၅၂/က)ဟုခေါ်တွင်သော ဒေါ်အေးအေးမြင့် အမည်ပေါက်သည့် ပါမစ်မြေအမျိုးအစား၊ မြေအကျယ် (၂၀x၆၀)ပေရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမင်းစိုးမိုးကျော် [၁၂/ဥကမ(နိုင်)၂၇၈၈၀၇]မှ အဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူ ရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၄၆၀)**
**အမှတ် (၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၂၅၆၃၂၂၀၉၁**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **သစ်တောသစ်ပင်များကို ချစ်မြတ်နိုးကြရန်၊ တစ်ပင်စိုက် တစ်ပင်ရှင်ရမည်ဟူသည့်စိတ်မွေး၍ ဆောင်ရွက်ကြရန်...**

❖ **အနာဂတ်တွင် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့်ရာသီဥတုကို လက်ဆင့်ကမ်းနိုင်ရေး သစ်ပင်များကို စနစ်တကျဖြင့် ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)



သနပ်ခါးအလှ လိမ်းချယ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေကြသူများကို တွေ့ရစဉ်။

## ပြည်မြို့၌“သနပ်ခါးအလှ မြန်မာကအစ၊ ခြင်းလုံးအစ သရေခေတ္တရာက” ဈေးရောင်းပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲ ဖွင့်ပွဲကျင်းပ

ပြည် မတ် ၂၆

ရိုးရာအားကစားနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ကကြီးမှူးကျင်းပသည့် “သနပ်ခါးအလှ မြန်မာကအစ၊ ခြင်းလုံးအစ သရေခေတ္တရာက” ဈေးရောင်းပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက ပဲခူးတိုင်းဒေသကြီး ပြည်မြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်းနှင့် မြို့နယ်အားကစားကွင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

စာမျက်နှာ ၁၆ ကော်လံ ၅ သို့ ○

## MNL-2 Promotion Amateur Club Tournament 2025 ဗိုလ်လုပွဲသို့ Young Boy နှင့် YRFA အသင်း တက်ရောက်

ရန်ကုန် မတ် ၂၆

MNL–2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မတ် ၂၆ ရက်က သုဝဏ္ဏကွင်း၌ ကျင်းပရာ Young Boy နှင့် YRFA အသင်းတို့ ဗိုလ်လုပွဲ တက်ရောက်သွားသည်။

နံနက်ပိုင်းကကျင်းပသည့် ဆီမီးဖိုင်နယ် ပထမပွဲတွင် Young Boy အသင်းက 10/Mon အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ Young Boy အသင်းသည် ခြေအသာဖြင့်ကစားကာ ဂိုးပြတ်အနိုင်ယူပြီး ဗိုလ်လုပွဲ တက်ရောက်သွားခြင်းဖြစ်သည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ☼



Young Boy အသင်းနှင့် 10/Mon အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

**ယနေ့ ဖတ်စရာ**

**မန္တလေးနည်းပညာတက္ကသိုလ်နှင့် ဟိုချီမင်းနည်းပညာတက္ကသိုလ်တို့အကြား အာဆီယံသုတေသန ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ**

စာမျက်နှာ » ၁၁

**အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၆၉ ဦးနှင့် တောင်အာဖရိကနိုင်ငံသား ၂၃ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်**

စာမျက်နှာ » ၁၇

## အာရှဖလား အမျိုးသမီးခြေစစ်ပွဲတွင် မြန်မာပါဝင်သော အုပ်စုကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရရှိ

ရန်ကုန် မတ် ၂၆

၂၀၂၆ အာရှဖလား အမျိုးသမီးခြေစစ်ပွဲမှ မြန်မာအသင်းပါဝင်သော အုပ်စုပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့သည်။

**၃၄ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်**


အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၆ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို မတ် ၂၇ ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး အသင်းစုစုပေါင်း ၃၄ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ခြေစစ်ပွဲကို အုပ်စုရှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ငါးသင်းနှစ်အုပ်စုနှင့် လေးသင်း ခြောက်အုပ်စု ပါဝင်မည်ဖြစ်သည်။ အုပ်စု ရှစ်ခုကို အိမ်ရှင်နိုင်ငံများအဖြစ် မြန်မာ၊ ဗီယက်နမ်၊ ထိုင်း၊ ဥဇဘက်ကစ္စတန်၊ ဂျော်ဒန်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနှင့် တာဂျစ်ကစ္စတန် နိုင်ငံတို့ကို ရွေးချယ်ထားသည်။ ခြေစစ်ပွဲ အုပ်စုမဲခွဲရန် ဆီဒင်သတ်မှတ်ချက်အရ Pot–1 တွင် မြောက်ကိုရီးယား၊ ဖိလစ်ပိုင်၊ တရုတ်(တိုင်ပေ)၊ အီရန်၊ ဗီယက်နမ်၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖

ကြေးမုံ
၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့်

# တပ်မတော်နေ့ အထူးထုတ်

၂၀၂၅ ခုနှစ်၊ မတ် ၂၇ ရက်၊ (ကြာသပတေးနေ့)





# တပ်မတော် အင်အားရှိဖို့ မလွဲမသွေ လိုပါသည်

**စွန့်လွှတ်စွန့်စားသောတပ်မတော်၊ အပင်ပန်းအဆင်းရဲခံနိုင်သောတပ်မတော်သည် အမျိုးသားလွတ်မြောက်ရေးအတွက် တိုက်ပွဲအလီလီဆင်နွှဲခဲ့ပြီးသော်လည်း ခေတ္တခဏပင် အနားမယူအားနိုင်ပါပေ။ လွတ်လပ်ရေးရရှိပြီး သုံးလခန့်အကြာတွင် လူမျိုးစွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲများကြောင့် ပေါ်ပေါက်လာသောပြည်တွင်းသောင်းကျန်းမှုရန်ကို ဆက်လက်နှိမ်နင်းခဲ့ရပြန်**

မင်းခေါင်

**၂၀၂၅ ခုနှစ် မတ်လ ၂၇ ရက်နေ့သည် နှစ်(၈၀)ပြည့် တပ်မတော်နေ့ဖြစ်သည်။ ရဲဘော်သုံးကျိပ် အမှုးပြုသော ဗမာ့လွတ်လပ်ရေးတပ်မတော်(BIA)မှ သန္ဓေတည်ပေါက်ဖွားလာသော တပ်မတော်၏ သည်ခရီးက ပန်းခင်းသော လမ်းမဟုတ်ခဲ့ပေ။ ကနဦး အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲမှာပင် ကိုလိုနီ နယ်ချဲ့အင်္ဂလိပ်နှင့် ဖက်ဆစ်ဂျပန်တို့ကို နှစ်ကြိမ်တိုင်တိုင် တွန်းလှန်ခဲ့ရလေသည်။**

တပ်မတော်၏ဖခင်၊ မျိုးချစ်ဗမာ့တပ်မတော် စစ်သေနာပတိ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် "နေသူရိန်"ရုံ၌ ကျင်းပသော ရန်ကုန်မြို့လုံးကျွတ်အစည်းအဝေးကြီးတွင် တပ်မတော်၏စွန့်လွှတ်စွန့်စား အနစ်နာခံ ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ **"အခု ဒီလောက်ခဲယဉ်းပင်ပန်း ဘေးများတဲ့ အလုပ်ကို လုပ်တယ်ဆိုတာ တိုင်းပြည်လွတ်လပ်ရေးလိုချင်လို့ပဲ။ ကျုပ်တင်လား၊ ကျုပ်ခေါင်းဆောင်နေတဲ့ တပ်မတော်သားတွေကအစ ဒီလောက် အပင်ပန်းခံတိုက်နေတာ လခလည်း တစ်ပြားမှမရသေးဘူး။ အဝတ်အစားလည်း ချို့တဲ့တယ်။ ဆေးဝါးလည်း ကောင်းကောင်းမလုံလောက်ဘူး။ လက်နက်ခဲယမ်းမီးကျောက်လည်း မပြည့်စုံဘူး။ အနားဆိုလည်း မရဘူး။ အသက်လည်း စွန့်ရတယ်။ သေတဲ့လူလည်း သေကုန်ပြီ။ လူစဉ်မမီတဲ့လူတွေလည်း ရှိကုန်ပြီ။ အဲဒီလောက်အပင်ပန်းခံပြီး ကျုပ်တို့တစ်တပ်လုံး တိုက်နေတာဟာ တစ်နေ့က ကျုပ်တို့တပ်ခေါင်းဆောင်တွေရဲ့ ကြေညာချက်အတိုင်း လူတစ်စုတည်း ကောင်းစားဖို့မဟုတ်ဘူး။ ကျုပ်တို့တိုက်နေတာဟာ တိုင်းပြည်ရဲ့လွတ်လပ်ရေးနဲ့ တိုင်းပြည်လူထုကြီး ကောင်းစားရေးကိုသာ ရည်ရွယ်ပြီး တိုက်တယ်ဆိုတာ တထစ်ချ သိစေချင်တယ်"**ဟု ပြောကြားခဲ့ပေသည်။

စွန့်လွှတ်စွန့်စားသောတပ်မတော်၊ အပင်ပန်းအဆင်းရဲခံနိုင်သောတပ်မတော်သည် အမျိုးသားလွတ်မြောက်ရေးအတွက် တိုက်ပွဲအလီလီဆင်နွှဲခဲ့ပြီးသော်လည်း ခေတ္တခဏပင် အနားမယူအားနိုင်ပါပေ။ လွတ်လပ်ရေးရရှိပြီး သုံးလခန့်အကြာတွင် လူမျိုးစွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲများကြောင့် ပေါ်ပေါက်လာသော ပြည်တွင်းသောင်းကျန်းမှုရန်ကို ဆက်လက်နှိမ်နင်းခဲ့ရပြန်သည်။

ပူပူနွေးနွေးရရှိခဲ့သော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို လက်လွှတ်မဆုံးရှုံးရလေအောင် တပ်မတော်သည်အသက်၊ သွေး၊ ချွေးမြောက်မြားစွာ ပေးဆပ်၍ ရောင်စုံသူပုန် ရန်သူတို့အား လှေခွက်ချည်းကျန် အလံမလှဲစတမ်း ရင်မြေကတုတ်လုပ်၍ ခုခံခဲ့ကြရပြန်သည်။

ထိုခေတ် ထိုကာလကအခြေအနေများနှင့် ပတ်သက်၍ ဗိုလ်မှူးကြီး(ဟောင်း) တင်မောင်က "မုန်တိုင်းလွန်သော်"စာအုပ်တွင် **"ရန်သူနှင့်နှိုင်းယှဉ်လိုက်ပါက အရေအတွက်အားဖြင့် အဆပေါင်းများစွာနည်းပါးလှကာ ကျည်ဆန်ခဲယမ်းမီးကျောက်တို့ကို တစ်တောင့်ချင်း လက်ချိုးရေတွက်ပြီး တိုက်ခိုက်နေရသည့် ထိုတပ်မတော်သည် ထိုရန်သူမျိုးစုံတို့အား အကြိတ်အနယ် ပြန်လည်ခုခံခဲ့ရရာမှ တစ်စတစ်စဖြင့် တန်ပြန်ထိုးစစ်ကို ဆင်နွှဲနိုင်ခဲ့သည်။**

၁၉၄၉ ခုနှစ်အတွင်း ရန်သူတို့လက်မှ -

မတ်လ ၂၂ ရက်နေ့တွင် --- မိတ္ထီလာကိုလည်းကောင်း။

ဧပြီလ ၁၇ ရက်နေ့တွင် --- မေမြို့ကိုလည်းကောင်း။

ဧပြီလ ၂၂ ရက်နေ့တွင် --- အင်းစိန်ကိုလည်းကောင်း။

ဧပြီလ ၂၄ ရက်နေ့တွင် --- မန္တလေးကိုလည်းကောင်း။

မေလ ၁၃ ရက်နေ့တွင် --- ကြို့ပင်ကောက်ကိုလည်းကောင်း။

မေလ ၁၄ ရက်နေ့တွင် --- ဇီးကုန်းနှင့်နတ်တလင်းတို့ကိုလည်းကောင်း။

ဇွန်လ ၁၀ ရက်နေ့တွင် --- ရေနံချောင်းကိုလည်းကောင်း။

ဇွန်လ ၁၃ ရက်နေ့တွင် --- တွံတေးကိုလည်းကောင်း။

ဇွန်လ ၂၅ ရက်နေ့တွင် --- သထုံကိုလည်းကောင်း။

ဇူလိုင်လ ၁ ရက်နေ့တွင် --- မလှိုင်ကိုလည်းကောင်း။

ဇူလိုင်လ ၆ ရက်နေ့တွင် --- သာယာဝတီကိုလည်းကောင်း။

ဩဂုတ်လ ၁၅ ရက်နေ့တွင် --- လက်ပံတန်းကိုလည်းကောင်း။

စက်တင်ဘာလ ၁ ရက်နေ့တွင် ---လားရှိုးကိုလည်းကောင်း။

စက်တင်ဘာလ ၁၄ ရက်နေ့တွင် --- သိန္နီကိုလည်းကောင်း။

စက်တင်ဘာလ ၁၇ ရက်နေ့တွင် --- လှိုင်လင်ကိုလည်းကောင်း။

စက်တင်ဘာလ ၂၅ ရက်နေ့တွင် --- သုံးခွနှင့်ခရမ်းကိုလည်းကောင်း။

နိုဝင်ဘာလ ၆ ရက်နေ့တွင် --- ညောင်တုန်းကိုလည်းကောင်း။

နိုဝင်ဘာလ ၂၃ ရက်နေ့တွင် --- တောင်ကြီးကိုလည်းကောင်း။

အထူးထုတ် [ ဂ ] သို့ »»

»» အထူးထုတ် [ ခ ] မှ

နိုဝင်ဘာလ ၂၉ ရက်နေ့တွင် --- ဓနုဖြူကို လည်းကောင်း။

ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် --- စဘူးတောင်းကိုလည်းကောင်း။

၁၉၅၀ ခုနှစ်အတွင်း ရန်သူတို့လက်မှ – ဇန်နဝါရီလ ၁၄ ရက်နေ့တွင် --- ကျောက်ပန်းတောင်းကိုလည်းကောင်း။

ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် --- ကွမ်းလုံကိုလည်းကောင်း။

ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် --- ပြွန်တန်ဆာနှင့် ညောင်လေးပင်တို့ကိုလည်းကောင်း။

မတ်လ ၅ ရက်နေ့တွင် --- ဖြူးကိုလည်းကောင်း။

မတ်လ ၁၉ ရက်နေ့တွင် --- တောင်ငူကိုလည်းကောင်း။

ထိုတပ်မတော်က ပြည်သူ့သားကောင်း အဖူးအညွန့်ကလေးတို့၏ အသက်သွေးပေါင်းများစွာတို့ကို ပေးလှူ၍ တစ်မြို့ပြီးတစ်မြို့... ပြီးတော့ နောက်တစ်မြို့ပြီး နောက်တစ်မြို့တို့ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။

ထိုအခါ နိုင်ငံခြားတို့မှ "ရန်ကုန်အစိုးရ"ဟုခေါ်ဝေါ်ခြင်းခံခဲ့ရသောအစိုးရသည် "ပြည်ထောင်စုနိုင်ငံတော်အစိုးရ"အဖြစ်သို့ သိက္ခာရှိရှိပြန်လည်ရောက်ရှိလာခဲ့ပါပြီ"ဟူ၍ သမိုင်းတစ်ကွေ့ ကိုယ်တွေ့မှတ်တမ်းအဖြစ်ရေးသားခဲ့ပါသည်။

တပ်မတော်သည် ပြည်တွင်းရန်ကို ထိုသို့ရှုပ်ရှုပ်ချုံချုံ တွန်းလှန်တိုက်ထုတ်နိုင်ခဲ့၍ နိုင်ငံ့အခြေအနေတည်ငြိမ်စမှာပင် ပြည်ပရန်နှင့် ထပ်မံရင်ဆိုင်ကြုံတွေ့ခဲ့ရပြန်ပါသည်။ မြန်မာ့မြေပေါ်သို့ ကျူးကျော်ဝင်ရောက်လာသော ကူမင်တန်တရုတ်ဖြူတပ်များကို တပ်မတော်သည် နဂါးနိုင်၊ ဘုရင့်နောင်၊ ရန်ကြီးအောင်၊ မဲခေါင်စစ်ဆင်ရေးတို့ဖြင့် ဆက်တိုက်တွန်းလှန်တိုက်ထုတ်ခဲ့ရပြန်ပါသည်။

တပ်မတော်သည် ထိုသို့ နိုင်ငံတော်ကာကွယ်ရေးတာဝန်များသာလျှင်မကသေး နိုင်ငံရေးတာဝန်များကိုလည်း သမိုင်းပေးတာဝန်အရ မလွှဲသာမရှောင်သာ ထမ်းဆောင်ခဲ့ရပြန်ပါသည်။

၁၉၅၈ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်တွင်ကျင်းပခဲ့သော ဖဆပလအဖွဲ့ချုပ် ညီလာခံမှအစပြု၍ မညီမညွတ်ဖြစ်ပွားခဲ့ရာမှ ထိုနှစ် ဧပြီလ ၂၉ ရက်နေ့တွင် ဖဆပလအဖွဲ့ကြီး နှစ်ခြမ်းနှစ်ဖွဲ့ကွဲခဲ့ကြသည်။

ဝန်ကြီးချုပ် သခင်နုနှင့် ဝန်ကြီး သခင်တင်တို့ခေါင်းဆောင်သော ဖဆပလ သန့်ရှင်းရေးအဖွဲ့က တစ်ဖွဲ့၊ ဝန်ကြီး ဦးဗဆွေနှင့် ဦးကျော်ငြိမ်းခေါင်းဆောင်သော ဖဆပလတည်မြဲရေးအဖွဲ့က တစ်ဖွဲ့ဖြင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန်စွပ်စွဲပုတ်ခတ်မှုများ၊ ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် "တည်မြဲ" အုပ်စုဝင်အမတ်များက ဝန်ကြီးချုပ် ဦးနုခေါင်းဆောင်သော အစိုးရအဖွဲ့ကို အယုံအကြည်မရှိကြောင်း အဆိုတင်သွင်းမှုများစသည်ဖြင့် နိုင်ငံရေးမတည်ငြိမ်မှုများပေါ်ပေါက်လာသည်။

ထိုအချိန်တွင် တပ်မတော်ခေါင်းဆောင်ပိုင်းသည် တည်ငြိမ်စွာပင် ရပ်တည်နေခဲ့ပါသည်။

ပုဂ္ဂိုလ်ရေးသံယောဇဉ်အရ ဟိုဘက်ဒီဘက်ကိုင်းညွှတ်မှုမျိုး ရှိကောင်းရှိမည်ဖြစ်သော်လည်း တိကျသောစည်းကမ်းဖြင့်ဖွဲ့စည်းထားသောတပ်မတော်သည် ဖဆပလအကွဲအပြဲတွင် မည်သည့်ဘက်ကိုမျှ မလိုက်ပါဘဲ မိမိ၏အနေအထားနှင့်ညီညွတ်စွာ မိမိတာဝန်ဝတ္တရားကိုသာ ထမ်းရွက်လျက်ရှိခဲ့ပါသည်။

ထို့ကြောင့်ပင် ဝန်ကြီးချုပ် သခင်နုသည် ၁၉၅၈ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် ထိုစဉ်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းထံ အခြေအနေအရပ်ရပ်ကို ထိန်းသိမ်းပေးရန်နှင့် တရားမျှတသော အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးရန် အိမ်စောင့်အစိုးရအဖွဲ့ ဖွဲ့စည်းပေးပါရန် ဖိတ်ကြားစာတစ်စောင် ရေးပို့ခဲ့သည်။

ဤသို့ဖြင့် မြန်မာ့နိုင်ငံရေးသမိုင်းတွင် သမိုင်းပေးတာဝန်အရ တပ်မတော်သည် အိမ်စောင့်အစိုးရအဖြစ်တာဝန်ယူဆောင်ရွက်ခဲ့ရပါသည်။ အိမ်စောင့်အစိုးရအဖွဲ့သည် တရားဥပဒေစိုးမိုးရေး၊ ငြိမ်ဝပ်ပိပြားရေးတာဝန်၊ တရားမျှတပြီး လွတ်လပ်သော ရွေးကောက်ပွဲကျင်းပရေးတာဝန်တို့ကို ဦးတည်ဆောင်ရွက်နေစဉ်တွင် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား နယ်နိမိတ်သတ်မှတ်ရေးလုပ်ငန်းကိုလည်း လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။

ထို့ပြင် ရန်ကုန်မြို့တွင် ကျူးကျော်တဲများစွာဖြင့် အရုပ်ဆိုးအကျည်းတန်ဖြစ်နေမှုတို့ကို ဖြေရှင်းရန် တောင်ဥက္ကလာပမြို့၊ မြောက်ဥက္ကလာပမြို့နှင့် သာကေတမြို့စသည့် မြို့သစ်များကို ရန်ကုန်မြို့ဝန်းကျင်တွင် ဖော်ထုတ်ပေးသကဲ့သို့ အခြားတိုင်းနှင့်မြို့များတွင်လည်း မြို့သစ်များစွာဖော်ပေးခဲ့ပါသည်။ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာနှင့် သာကေတမြို့သစ်များဖော်ထုတ်စဉ်က ကနဦးတွင် ရေအခက်အခဲ၊ ဘတ်စ်ကားအကျပ်အတည်း၊ သစ်ပင်မရှိ၊ လွင်တီးခေါင်တွင် နေတပူပူမို့ ကာတွန်းဆရာ၊ သတင်းစာဆရာ၊ စာရေးဆရာတို့၏ လှောင်ပြောင်သရော်စရာအကွက်ကောင်းဖြစ်ခဲ့သော်လည်း ယနေ့ကာလတွင်မူ အိမ်ခြံမြေတန်ဖိုးများမှာ တော်ရုံလူတို့ မမှန်းရဲစရာဖြစ်ခဲ့ပါသည်။

> ❛ တပ်မတော်သည် နိုင်ငံ့တာဝန်များကို လွှဲပြောင်းရယူပြီးနောက်တွင် ပြည်သူများ လိုလားတောင့်တလျက်ရှိသော ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ရေးအတွက် လိုအပ်သည့်နိုင်ငံရေးအခင်းအကျင်းများကို စနစ်တကျပြင်ဆင်ဆောင်ရွက်ခဲ့သလို တစ်ဖက်မှာလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောအခြေခံအဆောက်အအုံများစွာကို တည်ဆောက်ပေးခဲ့ပါသည်။ ယင်းနောက် ပြည်သူ့ဆန္ဒနှင့်အညီ အတည်ပြုပြဋ္ဌာန်းခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုကျင်းပပေးခဲ့ပြီး အနိုင်ရပါတီအား နိုင်ငံတော်၏အာဏာကို လွှဲပြောင်းပေးအပ်ခဲ့ ❜

၁၉၅၈ ခုနှစ်တွင် အိမ်စောင့်အစိုးရအဖြစ်တာဝန်ယူခဲ့သော ဗိုလ်ချုပ်ကြီးနေဝင်းသည် နိုင်ငံတော်ဝန်ကြီးချုပ်တာဝန်ယူစဉ်ကပင် တရားမျှတ၍ လွတ်လပ်သောရွေးကောက်ပွဲ ကျင်းပပေးရန် ဝန်ခံကတိကဝတ်ပေးခဲ့သည့်အားလျော်စွာ ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ရွေးကောက်ပွဲကို ကျင်းပပေးခဲ့ခြင်းဖြင့် အိမ်စောင့်အစိုးရ၏တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ခဲ့ပါသည်။

၁၉၆၂ ခုနှစ်တွင်လည်း တပ်မတော်သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ယိုယွင်းလာသော နိုင်ငံရေးအခြေအနေအရ ပြည်ထောင်စုကြီးမပြိုကွဲရလေအောင် နိုင်ငံတော်၏အာဏာကို အချိန်မီထိန်းသိမ်းစောင့်ရှောက်ခဲ့ရပြန်ပါသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိပြီး သုံးလခန့်အကြာတွင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်လာခဲ့ရုံမက နိုင်ငံရေးပါတီများအချင်းချင်း၊ အုပ်စုများအချင်းချင်း သဘောထားကွဲလွဲမှုများ၊ အငြင်းပွားမှုများ၊ အပြန်အလှန်စွပ်စွဲမှုများ၊ ပဋိပက္ခများဖြင့်သာ လွှမ်းခြုံခဲ့၍ နိုင်ငံ၏အခြေအနေသည် တည်ငြိမ်အေးချမ်းမှုမရှိဘဲ ဖွံ့ဖြိုးတိုးတက်မှုပါ နှေးကွေးခဲ့ပါသည်။

၁၉၆၀ ပြည့်နှစ်တွင် ဝန်ကြီးချုပ် ဦးနုခေါင်းဆောင်သော ပြည်ထောင်စုပါတီ (ပထစ)အစိုးရအာဏာပြန်ရလာသောအခါတွင်မူ ပြည်သူများသည် အထူးမျှော်လင့်ခဲ့ကြပြန်သည်။ သို့ရာတွင် ပါတီအတွင်း ဦး၊ ဗိုလ်၊ သခင်အုပ်စုများ ကွဲကြပြန်သည်။ ပြည်နယ်များမှ လူမျိုးစုခေါင်းဆောင်များကလည်း ပြည်ထောင်စုပြန်လည်ဖွဲ့စည်းရေးဆိုင်ရာ တောင်းဆိုမှုများ၊ အဆိုပြုချက်များဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်လာကြသည်။ ခြိမ်းခြောက်သံများ ပေးလာကြသည်။ အထင်အမြင်လွဲစရာ ပြောဆိုမှုများ ပြောလာကြသည်။ ရှမ်းပြည်နယ်၊ ကယားပြည်နယ်စသော ပြည်နယ်ခေါင်းဆောင်အချို့က ပြည်ထောင်စုမှ ခွဲထွက်ဖို့လိုလျှင် ခွဲထွက်မည်ဆိုသော ပြုမူပြောဆိုမှုများအပါအဝင် နိုင်ငံရေးအကျပ်အတည်းများ ဖြစ်ပေါ်လာရာ ပြည်သူများမှာ စိုးရိမ်မကင်းရှိလာကြသည်။ ထို့ကြောင့် တပ်မတော်က နိုင်ငံတော်၏အာဏာကို တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ခဲ့မှုအပေါ် ထိုစဉ်က ကန့်ကွက်ဆန့်ကျင်မှုဟူ၍လည်း မရှိခဲ့ပေ။

၁၉၈၈ ခုနှစ်တွင်လည်း အာဏာရမြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ အထွေထွေအကျပ်အတည်းများမှတစ်ဆင့် ၁၉၈၈ အရေးအခင်းပေါ်ပေါက်လာပြီး နိုင်ငံအတွင်း ထိန်းမရ၊ သိမ်းမရ မင်းမဲ့စရိုက်များ ဖြစ်ပွားလာခဲ့ပြန်ရာ တပ်မတော်သည် နိုင်ငံ့တာဝန်များကို ထပ်မံတာဝန်ယူခဲ့ရပြန်ပါသည်။

တပ်မတော်သည် နိုင်ငံ့တာဝန်များကို လွှဲပြောင်းရယူပြီးနောက်တွင် ပြည်သူများ လိုလားတောင့်တလျက်ရှိသော ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ရေးအတွက် လိုအပ်သည့်နိုင်ငံရေးအခင်းအကျင်းများကို စနစ်တကျပြင်ဆင်ဆောင်ရွက်ခဲ့သလို တစ်ဖက်တွင်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောအခြေခံအဆောက်အအုံများစွာကို တည်ဆောက်ပေးခဲ့ပါသည်။ ယင်းနောက် ပြည်သူ့ဆန္ဒနှင့်အညီ အတည်ပြုပြဋ္ဌာန်းခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပေးခဲ့ပြီး အနိုင်ရပါတီအား နိုင်ငံတော်၏ အာဏာကို လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

ဆက်လက်၍အနိုင်ရပါတီအစိုးရကလည်း ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရခဲ့သောပါတီအစိုးရထံ နိုင်ငံတော်၏အာဏာကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ ငြိမ်းချမ်းစွာ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ၁၉၄၈ ခုနှစ် မြန်မာ့လွတ်လပ်ရေးရရှိချိန်မှစပြီး ရွေးကောက်ခံအာဏာရ

အထူးထုတ် [ ဃ ] သို့ »»




(၂၇-၃-၂၀၂၄)ရက်က ကျင်းပသည့် (၇၉)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားတွင် စစ်ရေးပြစစ်ကြောင်းကြီးများ ချီတက်ရာလမ်းတစ်လျှောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ရုပ်ရှင်၊ ဂီတ၊ အနုပညာရှင်များ၊ ဒေသခံမိတ်ပြည်သူများက ဂုဏ်ပြုပန်းကုံးများစွပ်၍ သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။



(၁၅-၁၂-၂၀၂၄) ရက်က မိတ္ထီလာတပ်နယ်ရှိ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်၌ ကျင်းပသည့် တပ်မတော်(လေ)၏ ဖွဲ့စည်းတည်ထောင်မှု(၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားတွင် လေယာဉ်၊ ရဟတ်ယာဉ်များ စွမ်းရည်ပြသကြစဉ်။

»» အထူးထုတ် [ ဂ ] မှ

အစိုးရတစ်ရပ်မှ အခြားပါတီတစ်ခု၏ ရွေးကောက်ခံ အစိုးရတစ်ရပ်သို့ ပထမဆုံး အကြိမ် ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းပေးခဲ့မှု ဖြစ်ပေသည်။

သို့ရာတွင် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင်မှု အာဏာရပါတီ၏ မဲမသမာမှုများကြောင့် နိုင်ငံရေးအကျပ်အတည်းများ ပေါ်ပေါက်လာခဲ့ပြန်သည်။ တပ်မတော်က မဲမသမာမှုကို ဖြေရှင်းပေးရန် အကြိမ်ကြိမ် တောင်းဆိုသော်လည်း အာဏာရပါတီ အစိုးရက လျစ်လျူရှုကာ နိုင်ငံတော်၏ အာဏာကို အဓမ္မနည်းများဖြင့် ရယူဆောင်ရွက်ရန် ကြိုးပမ်းအားထုတ်လာခဲ့မှုကြောင့် တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ်၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် နိုင်ငံတော်၏ အာဏာကိုထိန်းသိမ်း စောင့်ရှောက်ခဲ့ရပြန်ပါသည်။

ဤတစ်ကြိမ်တွင်လည်း တပ်မတော်သည် ပြည်တွင်း ပြည်ပအဘက်ဘက်က စိန်ခေါ်မှုများကို ကြံ့ကြံ့ခံကာ ရည်မှန်းချက်ပန်းတိုင်သို့ မမိုတ်မသုန် ဦးတည်ချီတက်ခဲ့ရပြန်သည်။ ရည်မှန်းချက်ပန်းတိုင်ကား ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ပင်ဖြစ်သည်။ ဒီမိုကရေစီအရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်တွင်လည်း အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဟု အတိအလင်းဖော်ပြထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကလည်း ၂၀၂၅ ခုနှစ် မတ်လ ၇ ရက်နေ့က ဘယ်လာရုစ်နိုင်ငံသို့ နိုင်ငံတော်အဆင့် (Official State Visit) ချစ်ကြည်ရေးခရီးရောက်ရှိစဉ်အတွင်း နှစ်နိုင်ငံအကြီးအကဲတို့ မီဒီယာများနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံအပြန်အလှန်ပူးတွဲကြေညာချက်များနှင့် ပြောကြားချက်များတွင် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမည့်အချိန်ကာလနှင့် ပတ်သက်၍ **“ကျွန်တော်တို့ဟာ ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ မဲမသမာမှု ဖြစ်ခဲ့တဲ့အတွက်ကြောင့် ကျွန်တော်တို့ နိုင်ငံတော်ကို အရေးပေါ်ကြေညာပြီး ခေတ္တတာဝန်ယူထားတာ ဖြစ်ပါတယ်။ ဒါကြောင့် မကြာခင်မှာလည်း ဥပဒေနဲ့အညီ ရွေးကောက်ပွဲကျင်းပသွားဖို့ ရှိပါတယ်။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ(သို့မဟုတ်) ၂၀၂၆ ခုနှစ် ဇန်နဝါရီလ အစောဆုံးကျင်းပသွားဖို့ စီစဉ်ထားကြောင်း ပြောလိုပါတယ်။ ရွေးကောက်ပွဲဝင်ဖို့အတွက်လည်း ပါတီပေါင်း ၅၃ ခုက စာရင်းပေးသွင်းထားပြီး ဖြစ်ပါတယ်။ ရွေးကောက် ပွဲကျင်းပမှု နဲ့ ပတ်သက် ပြီး ဘယ်လာရုစ် နိုင်ငံ ရဲ့ လေ့လာရေးအဖွဲ့များကိုလည်း လာရောက်ကြည့်ရှုနိုင်ဖို့အတွက် ဖိတ်ကြားလိုပါတယ်”** ဟူ၍ ကမ္ဘာသိပြောကြား သွားခဲ့ပေသည်။

တပ်မတော်သည် အမျိုးသားရေးကို ဘယ်တော့မှ သစ္စာမဖောက်ခဲ့ပါချေ။ နိုင်ငံတော်နှင့် နိုင်ငံသားတို့အပေါ်ပေးအပ်ခဲ့ဖူးသော ကတိကဝတ်များကို ဆိုခဲ့စေ မြဲစေဟူသည့်အတိုင်း ခေတ်အဆက်ဆက် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်ကို တပ်မတော်၏သမိုင်းအစဉ်အလာနှင့်အညီ ချိန်ထိုးလေ့လာနိုင်ပေသည်။

ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲစသည့် အစွဲအလမ်းများကို ဖယ်ခွာ၍ ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်လေ့လာသုံးသပ်ပါက မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်၏အသက်၊ သွေး၊ ချွေးများစွာ ပေးဆပ်ခဲ့မှုကိုလည်းကောင်း၊ မြန်မာ့သမိုင်းတွင် ပါတီနိုင်ငံရေးပဋိပက္ခအရှုပ်အထွေးများ၊ နိုင်ငံရေးအကျပ်အတည်းများမှတစ်ဆင့် ပြည်ထောင်စုပြိုကွဲစေမည့်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲစေမည့် (သို့မဟုတ်) အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးစေမည့် အရေးပေါ်အခြေအနေပေါ်ပေါက်လာလေတိုင်း အမျိုးသားနိုင်ငံရေးအရ တစိုက်မတ်မတ် ရပ်တည်ဖြေရှင်း ဆောင်ရွက်ခဲ့မှုများကိုလည်းကောင်း တွေ့မြင်နိုင်မည်ဖြစ်ပေသည်။

ထို့အတူ ယနေ့ကမ္ဘာ့အခြေအနေကို လေ့လာကြည့်လျှင် ဖွံ့ဖြိုးဆဲနိုင်ငံများသည် ကိုလိုနီနယ်ချဲ့ လက်သစ်အင်အားကြီးနိုင်ငံအချို့၏ခြိမ်းခြောက်မှုများကို မကြုံစဖူး ရင်ဆိုင်ကြုံတွေ့နေကြရသည်ကို တွေ့မြင်ရမည်ဖြစ်ပေသည်။ ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအဖို့မူ လက်ရှိကာလတွင် ကိုလိုနီနယ်ချဲ့ လက်သစ်အင်အားကြီးနိုင်ငံအချို့၏ နောက်ကွယ်မှ ဝင်ရောက်စွက်ဖက်မှုများသာမက အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၏ မကြုံစဖူး အကြမ်းဖက်လုပ်ရပ်များ၊ မြို့ရွာများကို ဝင်ရောက်တိုက်ခိုက်မှုများနှင့်ပါ ရင်ဆိုင်ကြုံတွေ့လျက်ရှိရာ တပ်မတော်အင်အား တောင့်တင်းခိုင်မာရေးမှာ အထူးလိုအပ်လျက်ရှိပေသည်။ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အား ရှိမည်ဖြစ်၍ မြန်မာပြည်သူအပေါင်းက တပ်မတော်ကြီးကို အင်အားရှိဖို့ အရာရာကူညီကြရန် ၂၀၂၅ ခုနှစ် နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုရင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

**တပ်မတော်သည် အမျိုးသားရေးကို ဘယ်တော့မှ သစ္စာမဖောက်ခဲ့ပါချေ။ နိုင်ငံတော်နှင့် နိုင်ငံသားတို့အပေါ်ပေးအပ်ခဲ့ဖူးသော ကတိကဝတ်များကို ဆိုခဲ့စေ မြဲစေဟူသည့်အတိုင်း ခေတ်အဆက်ဆက် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်ကို တပ်မတော်၏ သမိုင်းအစဉ်အလာနှင့်အညီ ချိန်ထိုးလေ့လာနိုင်**

## အားသစ်စေကြောင်း ပြည့်သားကောင်း

❖ တပ်မတော်ကား၊ ပြည့်ခွန်အားတည့်
အားခွန်ပြည့်စုံ၊ စွမ်းနိုင်တုံမှ
လုံခြုံစည်းရိုး၊ ဖြန့်မိုးအာဏာ
သိက္ခာမြင့်မား၊ ကြီးပွားစည်ပင်
ကြည်ရွှင်အေးချမ်း၊ ဘေးမသန်းဘဲ
တစ်ဝန်းပြည်ရွာ သာပေအံ့. . ။

❖ တပ်မတော်လျှင်
ရန်နှင်ဘေးဖျက်၊ ပြည့်လက်နက်တည့်
ထက်မြက်စွမ်းရည်၊ ခေတ်နှင့်ညီမှ
ယုံကြည်မြင့်မား၊ အောင်စိတ်ပွား၍
ခန့်ညားမာန်တင်း၊ ရန်ဘေးရှင်းလျက်
ခပင်းပြည်သူ ငြိမ်းပေအံ့. . ။

❖ တပ်မတော်အင်အား၊ ကြံ့ခိုင်ထွားမှ
ပြည့်အားအင်လည်း၊ ခံ့ခိုင်မြဲလိမ့်
ပွဲဝင်ထက်မြက်၊ စွမ်းရည်တက်မှ
ပြည့်တွက်လုံခြုံ၊ ပြည်သူဂုဏ်တင့်
နိုင်ငံဝင့်ကြွား၊ တန်ခိုးထွားလိမ့်. . ။

❖ နိုင်ငံအတွက်
အသက်သွေးပမာ၊ အရေးပါလျက်
ဘယ်ခါကြည့်ကြည့်၊ မရှိမဖြစ်
တွက်စစ်လေလေ၊ လိုအပ်လေတည့်
ကြည်း ရေ လေ တပ်၊ ကျောချင်းကပ်လျက်
စောင့်ကြပ်ပိုင်ပိုင်၊ ကာကွယ်နိုင်မှ
နိုင်ငံခွန့်ရှည်၊ ကမ္ဘာတည်လိမ့်. .။

❖ တပ်မတော်၏
အရှိတရား၊ ပြည့်စွမ်းအားဟု
နားလည်သိမှတ်၊ သတိကပ်လျက်
တပ်၏စွမ်းပကား၊ အင်အားလက်နက်
တိုးတက်ခေတ်မီ၊ ဘက်စုံညီအောင်
တည်ဆောက်ဝိုင်းဝန်း အားသစ်လောင်း။
ပြည်သူဂုဏ်တင့် မြင့်စေကြောင်း။
နိုင်ငံခန့်ညား ကြွားစေကြောင်း။
မရှိမဖြစ် ပြည့်သားကောင်း။ ။

(နှစ် ၈၀ ပြည့် မြန်မာ့တပ်မတော်နှင့် တပ်မတော်သားအားလုံးသို့ ဦးညွှတ်ဂုဏ်ပြုလျက်)

ဇော်မင်းမင်းဦး